ပခုက္ကူစာပေဆုရ

# အဖေ မသေပါ နှင့် အဖြူရောင်သစ္စာကဗျာများ

မောင်နီမှိုင်း (ကျောက်တန်း)

၂၀၁၁ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု၊ ကဗျာပေါင်းချုပ်ဆု တတိယဆု

# အဖေ မသေပါ

# နှင့်

# အဖြူရောင်သစ္စာကဗျာများ

**မောင်နီမှိုင်း (ကျောက်တန်း)**

တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)
စာတည်း (တာဝန်ခံ)

မျက်နှာဖုံးဒီဇိုင်း -

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၂ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၅၀၀

တန်ဖိုး (            ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| * ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| * တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| * အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မေတ္တာအခါတော်နေ့ | ၁ |
| ၂။ | ဇနပဒကလျာဏီအလွမ်း | |
| ၃။ | လေးပါးသစ္စာ အားထားရာ | |
| ၄။ | ခန္ဓာဉာဏ်ရောက် | |
| ၅။ | စိတ်ရထား | |
| ၆။ | အရွယ်တိုင်းမှာ | |
| ၇။ | ရိက္ခာ | |
| ၈။ | ခရီး | |
| ၉။ | ဗုဒ္ဓဘုရားမှာ | |
| ၁၀။ | သစ္စာ | |
| ၁၁။ | မိတ်ဆွေစစ် | |
| ၁၂။ | ပထမခြေလှမ်း | |
| ၁၃။ | အလင်းနှင့်အမှောင် | |
| ၁၄။ | မီး | |
| ၁၅။ | ဘယ်ပန်းသာလို့ယဉ် | |
| ၁၆။ | လမ်း | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | တန်ဖိုး | |
| ၁၈။ | အမှားပြင်ဆင်ချက် | |
| ၁၉။ | လောကကို နှပျိုစေသူ | |
| ၂၀။ | ချစ်သမီးအတွက် လက်ဆောင်ကဗျာ | |
| ၂၁။ | မြန်မာလို လှစေချင် | |
| ၂၂။ | အဖေမှ သားသို့ | |
| ၂၃။ | ဖြတ်သန်းခြင်း | |
| ၂၄။ | သားမှ အဖေသို့ | |
| ၂၅။ | အဖေ ... မသေပါ | |
| ၂၆။ | မြန်မာ | |
| ၂၇။ | မြန်မာ့စား | |
| ၂၈။ | ခြယ်မှုန်းခြင်း | |
| ၂၉။ | ငြိမ်းချမ်းရင်ရိပ် | |
| ၃၀။ | ကြေးမုံသစ် | |
| ၃၁။ | အား | |
| ၃၂။ | ရိပ်မြုံ | |
| ၃၃။ | စာပေ၊ ဗဟုသုတနှင့် ဘဝအောင်မြင်မှု | |
| ၃၄။ | အဖြူရောင်ကဗျာ | |
| ၃၅။ | အုတ်မြစ် | |
| ၃၆။ | အဖွင့်စာမျက်နှာ | |
| ၃၇။ | ဆုး | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈။ | လမ်းလျှောက်ရအောင် | |
| ၃၉။ | ဆန္ဒမွန် | |
| ၄၀။ | ရိုးသားရအောင် | |
| ၄၁။ | နွေထဲက တရား | |
| ၄၂။ | လေထဲက တရား | |
| ၄၃။ | အမွေ | |
| ၄၄။ | လသာတဲ့ကျေးလက် | |
| ၄၅။ | အပြန်လမ်း | |
| ၄၆။ | ကျေးလက် အရဏ် | |
| ၄၇။ | သုံးရာသီ အလှ | |
| ၄၈။ | ရေမြင့် ကြာတင့် | |
| ၄၉။ | တေးသီတဲ့နှစ်သစ် | |
| ၅၀။ | ပိုးစုန်းကြူးနှင့် လမ်းလျှောက်ခြင်း | |
| ၅၁။ | နောင်အင်းလေး | |
| ၅၂။ | ပြကွက် | |
| ၅၃။ | လွန် | |
| ၅၄။ | အနာနှင့် ဆေး | |
| ၅၅။ | ပွဲဈေးည၏ အဘိဓမ္မာ | |
| ၅၆။ | သပြေ | |
| ၅၇။ | ကမ်းလင့်ကြို | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၈။ | ပီတိစမ်းဖြင့် ပန်းပျိုးသူ | |
| ၅၉။ | အလင်းသစ် | |
| ၆၀။ | ဤနှင့်ကျွဲ | |
| ၆၁။ | ရှက် | |
| ၆၂။ | တိမ်တောက်ချိန် | |
| ၆၃။ | ဝေးနီးရင်ခုန် | |
| ၆၄။ | ခြွင်းချက် | |
| ၆၅။ | အရဏ်မှသည် | |
| ၆၆။ | ပန်းတစ်ပွင့်၏ ဂုဏ်ဒြပ်နှင့်သူ၏ အနာဂတ်ပန်းချီ | |
| ၆၇။ | ထိန်းချုပ်ခြင်း | |
| ၆၈။ | မှော်ဝန်း၏ မော်ကွန်း | |
| ၆၉။ | ဆေးဝါးမူးယစ် နှံ့မနစ်ဖို့ ဆိုးညစ်ရန်စွယ်<br>အန္တရာယ်အား ကာကွယ်တိုက်ဖျက်<br>လက်ချင်းဆက်၍ | |

# ကျေးဇူးမှတ်တမ်း

ပညာတန်ဆောင်
ဆီမီးရောင်ဖြင့်
အမှောင်ဖြိုခွင်း
ထိန်ထိန်လင်းစိမ့်။

ငယ်စဉ်ကလေးဘဝမှစ၍ ယနေ့ထိတိုင် မမေ့နိုင်အောင် စွဲလန်းနေသည့် ကဗျာလေးတစ်ပုဒ်ဖြစ်ပါသည်။ သတ္တမတန်းကျောင်းသားဘဝအရွယ်တွင် ကဗျာရေးချင်သည့်စိတ်နှင့် ကဗျာမပီသသော ကဗျာတိုလေးများ လက်တည့်စမ်းရေးသားသည်ကို သိသွားသည့် ဆရာကြီးဦးကျော်ခင် (ကျောင်းအုပ်ကြီး၊ အ-လ-က၊ ပျဉ်းမကန်ကျေးရွာ၊ သုံးခွမြို့နယ်) က ပညာတန်ဆောင်မဂ္ဂဇင်းမျက်နှာဖုံးတွင်ပါရှိသည့် အဆိုပါဆောင်ပုဒ်ကဗျာကလေးဖြင့် ကာရန်ယူပုံနည်းစနစ်နှင့် လေးသုံးနှစ်ကဗျာဖွဲ့နည်းကို အသေအချာ သင်ကြားပေးခဲ့ပါသည်။

ထိုအချိန်မှစ၍ ကဗျာကို အမြတ်တနိုးဖက်တွယ်ကာ တစ်ရှိုက်မက်မက်ရေးဖွဲ့လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဆရာကြီးဦးကျော်ခင်နှင့် ဖော်ပြပါရှိသည့် ကဗျာကလေး၏ကျေးဇူးကား အလွန်ကြီးမားလွန်းလှပါ၏။ သို့ဖြင့် မဂ္ဂဇင်းကဗျာများကို ဖွဲ့ဆိုရေးသားခဲ့ရင်း မိမိကိုယ်မိမိ ကဗျာဆရာအဖြစ် ကင်ပွန်းမတပ်ရဲသေးမီမှာ သမီးတစ်ယောက်နှင့် သားဆယ်ယောက်ကို မွေးဖွားခဲ့သူအဖေက . . . .

"သားအားလုံးရဲ့အဖေထဲမှာ ကဗျာဆရာအဖေဖြစ်ရတာကို ငါ ဂုဏ်အယူဆုံးပဲကွ၊ အဖေအယောက်တစ်ရာမှာ ငါ့လို ကဗျာဆရာ အဖေတစ်ယောက်ဖြစ်လာဖို့ဆိုတာ တကယ်မလွယ်တဲ့ကိစ္စဘဲ" တဲ့

သည်သို့သော အယူအဆဖြင့် ပြောလာသည့် အဖေ့စကားများက ကဗျာဆက်ရေးနိုင်ရန် အားဆေးတိုက်ကျွေးခဲ့ခြင်းပင် ဖြစ်ပါသည်။ အဖေ့စကားများကြောင့် ကဗျာချစ်စိတ်များက ရင်ထဲ၌ ပိုမိုခိုင်မာလာခဲ့ရသည်။ အသွေးထဲ အသားထဲ၌ ကာရန်များ၊ အသံများက ပိုမိုစီးမျော ပျော်ဝင်ခဲ့ရသည်။ မြန်မာကဗျာ၏ ဂုဏ်၊ ရသ၊ အလင်္ကာနှင့် အနှစ်သာရတို့ကို ပိုမိုချစ်မက် နှစ်သက်မြတ်နိုးလာခဲ့ရသည်။ ကဗျာနှလုံးသားနှင့် ကဗျာရေးသူ အားလုံးကိုလည်း လေးစားဂုဏ်ယူစွာ ချစ်ခင်ခဲ့ရသည်မှာ အမှန်ဖြစ်ပါသည်။

ယခု ဤကဗျာများကို ကြီးမားလှစွာသော အဖေ့ကျေးဇူးတရားနှင့်အတူ ရင်ထဲ၌ ခိုင်မာပြီးဖြစ်သည့် မြန်မာကဗျာဖွဲ့နည်းစနစ်များအတိုင်း ခံစားရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ ခံစားရေးဖွဲ့ရာ၌ သြဝါဒချီးမြှင့်ညွှန်ပြပေးခဲ့သည့် ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက်၊ အေးစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသာမိ (သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မင်္ဂလဓမ္မဇောတိကဓဇ) အရှင်သူမြတ်နှင့် အနန္တကျေးဇူးရှင် အမေအား လေးမြတ်ကြည်ညိုစွာ ဦးခိုက်ပူဇော်ပါ၏။

ဤကဗျာစာမူအတွက် အားပေးကူညီခဲ့သည့် အစ်ကိုကြီး ဦးသင်းမောင်နှင့် ညီအစ်ကိုများ၊ မိသားစုဝင်များ၊ ကျောက်တန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (ဆရာမော်ဝန်းဝင်းမြတ်)၊ ကွန်ပျူတာစာစီနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည့် သားကြီး မောင်ဟန်လင်းသော် (လက်ထောက်မန်နေဂျာ၊ မြန်မာတာဆာကီကုမ္ပဏီ) နှင့် သူငယ်ချင်း အပေါင်းအသင်းများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ မှတ်တမ်းပြုအပ်ပါသည်။

မေတ္တာဖြင့်

မောင်နီမှိုင်း (ကျောက်တန်း)

## အခန်း (၁)

ကြီးမြတ်မဟာ၊ ကရုဏာနှင့်
မေတ္တာတရား၊ သည့်စွမ်းအားဖြင့်
ရှစ်ပါးအောင်ခြင်း၊ လရောင်လင်းသို့
မြင်ကွင်းများစွာ၊ မင်္ဂလာသည်
မြတ်စွာဗုဒ္ဓ၊ ဟောဖော်ပြသည့်
ဘဝလမ်းစဉ်၊ အမှန်ပင်တည့်

## မေတ္တာအခါတော်နေ့

✳ မြတ်ဗုဒ္ဓက၊ ဝါခေါင်လတွင်
မေတ္တသုတ်ကို၊ ဟောမြွက်ဆို၏
ရန်ကိုငြိမ်းချမ်း၊ သည်အစွမ်းဖြင့်
ရဟန်းငါးရာ၊ တရားရှာ ... ။

✳ မေတ္တာသုတ်တော်၊ ဟောမြွက်ဖော်၍
ပူဇော်ထူးဖြင့်၊ ဦးခိုက်လင့်ပြီ
သင့်မြတ်ငြိမ်းချမ်း၊ မေတ္တာစွမ်းကြောင့်
ရဟန်းငါးရာ၊ ဘေးကင်းကွာလျက်
ဝါလ မလွတ်၊ သီတင်းကျွတ်တွင်း
မချွတ်မှန်စွာ၊ ရဟန္တာဖြစ်
ချမ်းသာစစ်ကို ရတော်မူ...။



✳ ကြီးမြတ်မဟာ၊ ကရုဏာနှင့်
မေတ္တာတရား၊ သည်စွမ်းအားဖြင့်
ရှစ်ပါးအောင်ခြင်း၊ လရောင်လင်းသို့
မြင်ကွင်းများစွာ၊ မင်္ဂလာသည်
မြတ်စွာဗုဒ္ဓ၊ ဟောဖော်ပြသည့်
ဘဝလမ်းစဉ်၊ အမှန်ပင်တည့်
ကြည်လင်ချမ်းမြေ့၊ ပွားများလေ့သော်
သိမ်မွေ့ညင်သာ၊ မုဒိတာနှင့်
မေတ္တာသက်လုံ၊ ပြည့်ဝစုံလိမ့်
လွှမ်းခြုံလျက်သာ ငြိမ်းအေးစွာ...
မေတ္တာအခါတော် နေ့မြတ်မဟာ...။ ။

၎ ၎ ၎

# ဇနပဒကလျာဏီ အလွမ်း

* တင့်တယ်မှုစုံညီ . . .၊
ငါးလီသော ကောင်းခြင်းနှင့်
ဆင်အသရေတည် . . .။
"ဇနပဒကလျာဏီ"
ဂေါ်တမီ ရင်သွေး . . .။
နန္ဒမောင် ရင်ခွင်ထက်
မေ့းစက် ပျော်ရေး . . .။

* တွေး မဆုံးခင် . . .၊
နန္ဒမောင် သပိတ်ထမ်း
ကျောင်းလမ်းကို ဝင် . . .။
လှမ်းမျှော် ကြည့်မြင်
ရင်ထဲမှာ ရေဝဲလှိုက် . . .။
ပြန်လာခဲ့ပါ အရှင့်သား
မှာကြားလာခိုက် . . .။



* အပူငွေ့ဝေ . . .။
နန္ဒရင် တံကျင်ထိုးသို့
ညှိုးလျကွဲကြေ . . .။
ဘုရားရှင်ကို ရိုသေ
စေလာသမျှ လုပ်ကျွေး . . .။
ဒေသနာ စေတသိက်နဲ့
စိတ်မြတ်ကို မွေး . . .။

* စောင့်စားလျက်သာ . . .၊
နန္ဒမောင် အပြန်လမ်း
မျှော်လွမ်းရက် ကြာ . . .။
နန္ဒမောင် မှာ
သာသနာ ဝန်ထမ်း . . .။
ဘာဝနာ တရားတွေ့
မွေ့လျော် စီးဖြန်း . . .။

* ဝေဒနာ ပုလဲသီး …၊
ဖြေသာအောင် ကြံတွေး
လွမ်းရေးပွေလီ …။
ဇနပဒကလျာဏီ
သဒ္ဓါကြည် ညွတ်သောစိတ် …။
သံယောဇဉ် အမျှင်ပြတ်ဖို့
ဖြတ်သန်း ရင်ရိပ် …။ ။

၎ ၎ ၎



## လေးပါးသစ္စာ အားထားရာ

* ဖူးရာမှ ငုံ
ငုံရာမှ ပွင့်၊ ပွင့်ရာမှ သီး
သီးနှလည်းကြွေ၊ ရင့်လည်းကြွေ …။

* ဖြစ်လာလျှက် ပျက်၊ သေချာလျက်တည့်
ပျက်ဖို့ဖြစ်လာ၊ ဓမ္မတာပင်
ဖြစ်တာ မမြဲ၊ ပျက်တာ မြဲ၏
ရှင်ကွဲလည်း ကွဲ၊ သေကွဲ ကွဲရ
ဒုက္ခခိုင်ခိုင်၊ မကယ်နိုင်ဘူး
ယူနိုင်သမျှ၊ ယူလို့ရအောင်
ညည နေ့နေ့၊ ဘယ်မမေ့ဘဲ
လေ့ကျင့်ကောင်းမှု၊ ကုသိုလ်စုမှ
ကိုယ်ပြုသည့်ကံ၊ ကိုယ်သာစံရ
ကိုယ်ပြုသည့်ကံ၊ ကိုယ်သာခံရ
ကြံတွေးနှုတ်မြွက်၊ ဉာဏ်ဝင်သက်မှ
ပြကွက်ခန္ဓာ၊ မကင်းကွာဘဲ

အို နာ သေရေး၊ မရောက်သေးခင်
နောင်ရေးငြိမ်းရာ၊ အားကိုးရာသော်
သစ္စာလေးပါး၊ မှ တစ်ပါးလျှင်
အခြားမရှိပါတကား ...
တရားအသိ ခါခါပွား ...။ ။

၎ ၎ ၎



## ခန္ဓာ ဉာဏ်ရောက်

* လောကတံထွာ၊ ဤလူ့ရွာ၌
ဖွေရှာနေကြ၊ လိုတာရဖို့
နေ့ ညဖြုတ်သန်း၊ မမောတမ်းပင်
ဝမ်းသာဝမ်းနည်း၊ သည်ခရီးမှာ
ငိုညည်းတမ်းတ၊ ပူသောကနှင့်
ဒုက္ခမျိုးစုံ၊ ခလေ့ဘုံဝယ်
စုန်ဆန်သမျှ၊ ကြုံတွေ့ဆတော့
ဘဝရှင်ရာ၊ သေအချာပင်
တဏှာစိုးအုပ်၊ ခေါင်အချုပ် ...။

* တဏှာစေရာ၊ မနေသာဘဲ
ဖွေရှာမနား၊ လိုအင်များကို
တရားနှင့်ထိန်း၊ ဉာဏ်နှင့်သိမ်းမှ
မယိမ်းမညွှာ၊ သည်ခန္ဓာ၏
တဏှာ စိုးအုပ်၊ ခေါင်အချုပ်ကို
နှုတ်ပစ် ဖယ်ရှားနိုင်မည်တည်း ...။ ။

၎ ၎ ၎

## စိတ်ရထား

* စက္ကန့် မိနစ်၊ နာရီမြစ်တို့
တွယ်ရစ်နှောင်ဖွဲ့၊ ရာသီချဲ့၏
ချိန်နဲ့ပါးလျား၊ စိတ်ရထားလည်း
အင်အားမြင့်တုံ၊ နိမ့်တစ်ဖုံနှင့်
နေ့းတုံမြန်တုံ၊ ကကြိုးစုံလျက်
စုန်ဆန်နေရင်း၊ သင့်မြတ်ခြင်းတို့
ယိုယွင်းလဲပြို၊ စိတ်နှင့် ကိုယ်လျှင်
အလို ကျခြင်း၊ မကျခြင်းနှင့်
ချင်ခြင်းလွဲချော်၊ လမ်းကြောင်းပေါ်မှာ
လွှားကျော်ဖြတ်သန်း၊ ခပ်ကြမ်းကြမ်း ...။

* ပစ္စက္ခ၏
ကာလရင်ခွင်၊ ပန်းမဝင်ဘဲ
လိုအင်ဆန္ဒ၊ မညီမျှပြား
ဘဝလမ်းကြောင်း၊ မတိမ်းစောင်းဖို့
စိတ်ထောင်းညှိုးခွေ၊ ကိုယ် မကြေဖို့



အနေလည်း တတ်၊ အသေမြတ်ဖို့
ဖြောင့်မတ် ကိုယ်ကျင့်၊ မယိုင်လွင့်ဖို့
မြင့်မြတ် ထည်ဝါ၊ ကိုယ့်သိက္ခာကို
ရိက္ခာအတွက်၊ တရားပျက်အောင်
ဝ ကွက်မအပ်၊ သို့ ဆုံးဖြတ်လျက်
ရပ်မည့်ဘူတာ၊ နိဗ္ဗူတာသို့
မျှော်ကာရည်မှန်း၊ ဆက်တိုင်းမှီဖို့
ငါးလီသီလ၊ ခိုင်မြဲမှသာ
မကျအပယ်၊ သတိဆွယ်၍
ဖြိုးကြွယ်အင်အား၊ စိတ်ရထားကို
ပြတ်သား ထိန်းချုပ်၊ မိုးမချုပ်မီ
သုတ်သုတ်ဆောလျင် ခရီးနှင် ...။
လမ်းကြောင်း မြတ်မဂ္ဂင် ...။ ။

၎ ၎ ၎

မောင်နီမှိုင်း ၁၂

## အရွယ်တိုင်းမှာ

✳ အရွယ်သုံးပါး၊ ကာလအားဖြင့်
ခွဲခြားပိုင်းဆစ်၊ ရွယ်ပျိုမျစ်စဉ်
စနစ်တကျ၊ ကြိုးလုံ့လနှင့်
သင်ရပညာ၊ တတ်စိမ့်ဌာလျှင်
လေ့လာမပြတ်၊ ဆရာမြတ်ထံ
ဖတ် မှတ် အံ ရွတ်၊ တပည့်ဝတ်လည်း
မချွတ် ကျေပွန်ရပေလိမ့် . . .။

✳ အရွယ်သုံးပါး၊ ကာလအားဖြင့်
ပိုင်းခြားခဲ့ကြ၊ ဒုတိယဟု
ဘဝတစ်ဆစ်၊ မော်ကွန်းလုစ်သော်
ကျွမ်းချစ်ကြင်လာ၊ ကိုယ့်ရိပ်ဆာနှင့်
ကာယဉာဏ၊ ကိုယ့်စွမ်းစနှင့်
နိုးထလှုပ်ရှား၊ ကိုယ့်တရားနှင့်
စီးပွားလူမှု၊ ကျိုးကြောင်းပြု၍
စေ့ငုသေချာ၊ ကြိုးပမ်းရာတွင်



လိမ္မာအသိ၊ ထားသတိနှင့်
ရှုကြည့် ဝေဖန်ရပေလိမ့် . . .။

✳ အရွယ်သုံးပါး၊ ကာလအားဖြင့်
ပိုင်းခြားခဲ့ကြ၊ တတိယဟု
ဘဝနေမှိန်၊ ဆည်းဆာချိန်ဝယ်
တည်ငြိမ်တည့်မတ်၊ အသေတတ်ဖို့
ဝိပဿနာ၊ ဘာဝနာနှင့်
သင်္ခါရနယ်၊ သတိသွယ်လျက်
ရက်ယှက်ခံစား၊ အသိပွား၍
တရားရှုမှတ် ရပေလိမ့် . . .။

✳ ကာလအားဖြင့်
ခွဲခြားဆစ်ပိုင်း၊ စိတ်ရင်းမှန်စွာ
ကံ ငါးပါးကို၊ လုံစေလိုခဲ့
ကုသိုလ်ရင်းနှီး၊ ကိုယ့်ခရီး၌

ကိုယ့်ထီး ကိုယ်ဆောင်း၊ ကိုယ့်အကြောင်းလျှင်
ကောင်းအောင်ပြုမှ၊ ကောင်းကျိုးရလိမ့်
လုပဖြူစင်၊ ငြိမ်းချမ်းရင်ဝယ်
ဖြစ်လျှင်ပျက်လာ၊ အဖြေရှာဖို့
ပုစ္ဆာအမေး၊ ကျင့်ကြံတွေးလျက်
သေရေး ဖြောင့်မတ်၊ အနေတတ်ရန်
ရပ်တည် ကြိုးပမ်းရမည်တကား ...။ ။

ε ε ε



## ရိက္ခာ

* တဏှာစေရာ၊ လိုက်ပါမနား
စီးပွားဉစ္စာ၊ ရိက္ခာဖွေကြ
ဓနငွေဂုဏ်၊ ပြည့်စုံကြွယ်ဝ
လောကအလယ်၊ တင့်တယ်ခဲ့ပြား
တရားနှင့်ယှဉ်၊ မြော်မြင်တွက်ဆ
ဘဝစေရာ၊ လမ်းတာခရီး
အနီး အဝေး၊ အတွေးရင်ခွင်
ဆင်ခြင်မြင်သိ၊ သတိစေကပ်
သုံးသပ်ဝေဖန်၊ အမှန်ဖြေရှာ
ရိက္ခာအစစ်ဖြစ်ပါစ ...။

* တစ်ဘဝစာ၊ ရိက္ခာအဖြစ်
ဖွဲ့ရစ်ဝန်းရံ၊ စိုးစံခံစား
စိတ်ထားဖြူစင်၊ ပြုချင်ဒါန
ကာလမရွေး၊ လှူရေးချက်ချင်း
လက်ငင်းသက်ဝင်ပြုဆောင်မှ ...။

* တစ်သံသရာ၊ လူးလာတုံ့ပြန်
ဖန်ဖန်လည်ရ၊ ဘဝစက်ဝန်း
သူညွှန်းရာစေ၊ မသွေလှည့်ပတ်
ကိုယ့်ဇာတ်ဝင်တေး၊ ကိုယ်ရေးပိုင်စွာ
ရေရာသိမ်းဆည်း၊ ခရီးရှည်လှမ်း
ကိုယ့်လမ်းဖြောင့်ဖြောင့်၊ စိုးနှောင့်မရှိ
ပီဘိသိမ်းထုတ်၊ ထိန်းချုပ်သေချာ
ရိက္ခာအစစ်၊ စွမ်းရစ်သမျှ
ဒါနအကျိုး၊ တန်ဖိုးထည်ဝါ
ဝေဖြာ လင်းလက်နေမည်သာ ...။ ။

၀ ၀ ၀



## ခရီး

* လျှောက်လာခဲ့သည် ...၊
ဖြစ်တည်ရာ ပစ္စက္ခနှင့်
ဘဝကိုယ်စီ ...။

* အပြစ်မကင်းလေတဲ့
ချစ်ခြင်းဖွဲ့နှိုင်ကျည်
ရှည်လာခဲ့ ခရီး ...။

* ဘယ်အရပ်က ... လာ
ငါ...တစ်နေ့ ဘယ်ကိုသွားမည်လဲ
ရင်ထဲမှာတကယ်မသိပါခဲ့
တွယ်ငြိလာ သတိမှီးဆွယ်၍
ခရီးသည် လမ်းမပျောက်ရအောင်
လွမ်းလောက်စရာ အမှန်မရှိပါသော
ခန္ဓာအရှိ ပကတိကိုလ
ဉာဏ်အသိ ကံသဘောတွေနဲ့

စစ်ကြောကာ အဖြေမှန်ရှာလျက်
ခြွေရံလာစေတသိက်မှာဖြင့်
စိတ်အထာ လိပ်ပြာမွေ့ဖို့
ကွယ်. . .ရိက္ခာဖြည့်ဆည်း . . .။ ။

၉ ၉ ၉



## ဗူးဘုရားမှာ

* မြစ်ရော ကမ်းထိပ်ဦးက
ထူးထူးမြတ်မြတ် ဖူးမြော်ရာ . . .။

* နေရောင်မှာ ရွှေတောင်ဝင်းသို့
လင်းလက် ထိန်ဝါ . . .။

* ဗူးဘုရားမှာ
ထူးခြားစွာ ကြည်ညိုမဆုံး . . .။

* ပုဂံမြေ ပုဂံအလှရယ်က
ထေရဝါဒ အခြေတည်
ခံ့ခိုင်ကျည် အတောတီမှ
မွေသရီ သာသနာ အနှစ်နဲ့
စစ်မှန်ခြယ်မှုန်း . . .။ ။

၉ ၉ ၉

## အခန်း (၂)

ကောင်းမှုတစ်ခု၊ နေ့စဉ်ပြုဖို့
လှူမှုဝန်းကျင်၊ အသိယှဉ်လျက်
မြန်းဆင် "ဒါန"၊ "မြတ်သီလ" နှင့်
ဘဝရေရာ၊ "ဘာဝနာ" လျှင်
စဉ်ထာဝရ၊ မွေးမွေးမြ၍
လုပငြိမ်းချမ်း၊ ခိုင်လုံးလန်း၏

## သစ္စာ

* ပီဋ္ဌိယက္ခ၊ လေးမြားချ၍
မြင်ရဖြစ်အင်၊ သူဆင်ခြင်လျက်
ရင်ဖိုအကြည့် စူးနစ်စွာ・・・။

* “ကတိသစ္စာ၊ တည်သောခါဝယ်
ဩဇာလေးနက်၊ ပေါ်ဆီတက်၍
နွယ် မြက် သစ်ပင်၊ ဆေးဖက်ဝင်၏”
ဆေးလျှင်မသုံး၊ သစ္စာမှုန်းလျက်
အရှုံးဘဝ၊ မိ နှင့် ဖ လျှင်
သားလုရွှေလှော်၊ အလောင်းတော်၏
ရှုမျှော်မဆုံး၊ သီလထုံးနှင့်
နှလုံးလုစွာ၊ အေးရိပ်ဆာ၌
နှစ်ဖြာ မိဘ၊ ဘေးကွာပဖို့
ချမ်းမြစေ့ငု၊ လုပ်ကျွေးပြုကာ
ယုယအစဉ်၊ မြဲချစ်ကြင်၍



ငြိုငြင်မရှိ၊ သားရွှေအိကို
မည်သည့်အညို၊ သူဖွဲ့ယိုးလျက်
ဆိုးရွားဆိပ်လူး၊ မြားနစ်စူးစေ
ယစ်မူးစေသား၊ ရန်သူအားလည်း
သနားကြင်မှတ်၊ ခွင့်လွှတ်တတ်စွာ
မြင့်မြတ်စိတ်ရင်း၊ ဖြူစင်ခြင်းဖြင့်
ခင်းကျင်းသစ္စာ ပြဆိုခန်း ・・・
မြင်ရပါစမ်း မြင်လိုစမ်း ・・・
သားမောင်လူလု ရွှေအိုးထမ်း ・・・။

* ဩော် ・・・
ပီဋ္ဌိပက္ခ၊ လေးမြားချ၍
မြင်ရစုံလင်၊ သည်ဖြစ်အင်၌
ရင်ဖိုအကြည့် စူးနစ်စွာ ・・・။
လင်းလက်မြင်လာ ထိုသစ္စာ ・・・။ ။

၎ ၎ ၎

## မိတ်ဆွေစစ်

* ကြွေအံဝိုင်းမှ၊ စခဲ့ရသည့်
ဒေါသစကား၊ ကျွံ၍သွားသော်
မြို့စားပိုင်သ၊ ပဲခူးမှတည့်
မာနပြည့်လျှံ၊ "ငရမန်" လျှင်
ခက်ထန်ကြမ်းတမ်း၊ မာန်ထောင်လွှမ်း၍
အားစမ်းချီတက်၊ နန်းကနက်သို့
ရဲမက်စုံစွာ၊ ပုန်ကန်လာပြီ
မာယာကွန်ယက်၊ ရှုံ့ညှံ့ထက်၌
အသက်ရှိဟန်၊ စစ်ချီဟန်သို့
သဏ္ဍာန်ပြုလုပ်၊ ဆင်မြင်းရုပ်ကို
အဟုတ်ထင်ပြန်၊ ရာဇမာန်ဖြင့်
မျက်ထန်စိတ်ပြင်း၊ "စောလူးမင်း" လျှင်
ချက်ချင်း ဆင်းတိုက်၊ ထိုအငိုက်ဝယ်
ညှံ့၌ ဆင်နစ်၊ သုံ့ပန်းဖြစ် ...။



* ငရမန်ကန်း၊ အငိုက်ဖမ်း၍
အခန်းကျဉ်းကျပ်၊ ချုပ်ထားလတ်သော်
မြင့်မြတ်စိတ်ထား၊ "ကျန်စစ်သား" က
ရိုးသားကြံ့လျက်၊ နို့စို့ဖက်ကို
ခက်ခက်ခဲခဲ၊ ကယ်တင်ဆဲဝယ်
တစ်လွဲတွေးထင်၊ စောလူးရင်မှ
အမြင်တစ်ချက်၊ မှားတစ်ကွက်ကြောင့်
ဝက်သေခွေးသေ၊ ဇီဝိန်ကြွေရစ်
မိတ်ဆွေစစ်ကို၊ ရန်သူလို၍
နေညိုနိဂုံး၊ သည်တွင်ဆုံးလည်း
နှလုံးသားတွင်၊ အတွေးမျှင်က
အလျဉ်မပြတ်၊ ဆင်ခြင်အပ်ရာ
စွဲမှတ်သတိ၊ ရင်မှာငြိခဲ့
အသိတရား၊ သို့ခံစားလျက်
ခွဲခြားဇစ်မြစ်၊ မိတ်ဆွေစစ်ကို
နှစ်နှစ်ကာကာ၊ ပေါင်းသင်းရာလျှင်
ချမ်းသာကြီးပွားကြောင်းပင်တည်း ...။

* ကံကြွေးချ၍
ရလာဘဝ၊ ထိုခဏ၏
ကြုံရသင်းပင်း၊ ပေါင်းဖော်ခြင်းတွင်
စိတ်ရင်းမှန်စွာ၊ စေတနာနှင့်
သူငါကျွမ်းချစ်၊ မိတ်ဆွေစစ်သာ
ဖြစ်လိုပါဘိ၊ တွေ့လို၏ . . .
ကြိုးစား ကျင့်ကြံကြပါဘိ . . .။ ။

၄ ၄ ၄



## ပထမ ခြေလှမ်း

* လောက တံထွာ
ခါတစ်ရံ လိုအင်စစ်နှင့်
ဖြစ်ချင်သည် ကိုယ့်ဆန္ဒ
ဘဝမှာ ရှိတတ်တယ် . . .။

* ကြုံလာတတ် ပြန်
ခါတစ်ရံ ရည်မှျော်ချင့်ပါလို့
ဖြစ်သင့်သည် ထိုအတွေးက
နွေးထွေးလျက် ရင်မှာတွယ် . . .။

* ဖြစ်ချင်တယ် ဖြစ်သင့်တယ်
လမ်းနှစ်သွယ်နှင့် ဆန္ဒအတွေး . . .။

* ဝန်မလေးပါဘဲ
ဖြစ်ရေး တကယ်ပိုင်ဖို့

ဖြစ်နိုင်တာ ဦးစွာလုပ်
ကြိုးကုပ် မနေး ・・・။

**(ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ သြဝါဒကို ခံယူရေးသားပါသည်။)**

၎ ၎ ၎



## အလင်းနှင့်အမှောင်

(တေးထပ်)

* ဖြစ်ချင်တာ ဖြစ်မရတော့
ရစ်ဒေါသ အမြစ်တွယ်・・・။
မပြစ်မောဟ အနှစ်မပါတယ်
မေတ္တာနယ်နှင့် ဆန့်ကျင်ကြောင်း ・・・။
မှောင်မိုက်ခြင်း ရင်ခွင်မှာ
ဆင်ခြင်ရာ တွေးကြံခက် နှောင်း ・・・။

* ဆန်းစစ်ကြည့် ကေန်သာ
ဝေဖန်ရာ ဉာဏ်နှင့်လောင်း ・・・။
စေတနာ အမှန်အကြောင်းသာဖြင့်
ထပ်လောင်း၍ သတိမကွာ ・・・။
မေတ္တာစိတ် အစဉ်မွေး
ဘဝင်အေးလို့ ချမ်းမြေ့မှာ ・・・။

* သူ့ဒေါသ ငြိမ်းစေရာ
ကိုယ့်ရင်မှာ သိမ်မွေ့ရစ် . . .။
မေတ္တာက အဖြူရောင်
အလင်းဓာတ် ဆောင် . . .၊
ပွားများ၍ ရစ်ပတ်နှောင်မည်
ချစ်တတ်အောင် ကြိုးပါကြလေး . . .။ ။

၀ ၀ ၀



## မီး

* သုံးတတ်ပါက၊ အသုံးကျသည့်
တစ်စ မီးလျှင်၊ လူ့ဝန်းကျင်ကို
အစဉ် ကျေးဇူးပြုပါ၏။

* သတိမမူ၊ ပေါ့ဆယူသော်
ရန်သူ စင်စစ်၊ ကေန်ဖြစ်၏
လျစ်လျူ မရှုသင့်ပါပြီ . . .။

* ထိုထိုဖြစ်စဉ်၊ မြဲ ဆင်ခြင်၍
အပြင်က မီး၊ ရန်မကြီးဖို့
ဝေးနီး ဟန့်တား၊ ပမာလားပင်
ခံစားလောင်မြိုက်၊ အပူတိုက်မည့်
အမှိုက်ရင်မှာ၊ မီးဘေးကွာအောင်
လောင်စာလောဘ၊ မိုက် ဒေါသနှင့်
မောဟ ရှောင်ကွင်း၊ စိတ်သန့်ရှင်းဖို့
လက်ငင်း ကြိုးပမ်းရပေလိမ့် . . .။ ။

၀ ၀ ၀

## ဘယ်ပန်းသာလို့ယဉ်

* လောကတစ်ဝန်း
လန်းလန်းစွင့်စွင့်၊ ရောင်စုံတင့်စွာ
ပွင့်လေသည့်ပန်း၊ အလှဆန်း၍
လွှမ်းခြုံပျံ့မွှေး၊ လေမှာသွေးလည်း
မေ့းစက်ယာယီ၊ ခဏတည်လျက်
ဝေစည်အလှ၊ ညှိုးရော်ရ၏
ကာလပြယုဂ်သက်သေတင် ...။

* ကောင်းမှုတစ်ခု၊ နေ့စဉ်ပြုဖို့
လှူမှုဝန်းကျင်၊ အသိယှဉ်လျက်
မြန်းဆင် "ဒါန"၊ "မြတ်သီလ" နှင့်
ဘဝရေရာ၊ "ဘာဝနာ" လျှင်
စဉ်ထာဝရ၊ မွှေးမွှေးမြ၍
လှပငြိမ်းချမ်း၊ ခိုင်လုံလန်း၏
ဘယ်ပန်းသော်မှ ယှဉ်မမီ
ကိုယ်ကျင့်ရင်မှာတည်း ...။ ။

၀ ၀ ၀



## လမ်း

* မစ္ဆရိယ၊ ထိုမူလကား
လောဘဒေါသ၊ အရင်းစ၏
ဒါနအမှု၊ ကျိုးမပြုဘဲ
အကုသိုလ်သာ၊ ပွားစေရာပင်
ညီညာမရှိ၊ ဆူးညှောင့်ပြည့်စွာ
ကြမ်းဘိထိုလမ်း၊ မဖြောင့်တန်း ...။

* မစ္ဆရစိတ်၊ ဝန်တိုစိတ်လျှင်
အရိပ် ညစ်ညူး၊ အဆိပ်လူးသို့
ယစ်မူး ခိုတွယ်၊ စက်ဆုပ်ဖွယ်တည့်
ရက်ယှက် လူးလာ၊ ဝေဒနာ ...။

* ထိုမစ္ဆရ၊ ကြောင်းမလှ၍
ရသည့်အကျိုး၊ သူ့တန်ဖိုးလည်း
အဆိုးသာပင်၊ ကေန်ထင်၏
ဆင်ခြင် အသိ၊ ထားသတိနှင့်
ရှုကြည့်ဝေဖန်၊ ကုသိုလ်မှန်ကို

ပြုရန် စိတ်စွဲ၊ ဒါနမြဲသော်
မလွဲသေချာ၊ ဖြောင့်ဖြူးသာသည့်
ညီညာလမ်းမ၊ ဖြူစင်စွ ...။

* ကွယ် ...
ညီညာသည့်လမ်း၊ ဖြောင့်သည့်လမ်းနှင့်
ကြမ်းတမ်း မိုမောက်၊ လမ်းကွေ့ကောက်တွင်
လျှောင်ပါလိုစမ်း၊ အဘယ်လမ်းကို
ဖြတ်သန်းလိုဘိ၊ လှမ်းလို၏ ...
ကြံသိတွေးကြည့်၊ အဖြေရှိ ...။ ။

၎ ၎ ၎



## တန်ဖိုး

* လူနှင့် ဝန်းကျင်
နေ့တိုင်းပင် ဆောင်ပြု
သုံးခု အလုပ်စဉ် ...။

* ကာယကံ...ဝစီကံ
မနောကံ အကြောင်းအကျိုး
ကိုယ့်တန်ဖိုး ကိုယ်ခံမင်
ဆင်ခြင်ဉာဏ် ဝင်သက် ...။

* လောဘ...ဒေါသခွာရှောင်
မောဟမှောင် အမိုက်ရှင်းပါမှ
ရင်တွင်းမှာ အမှုမပိုရစ်ပြန်ခဲ့
ထင်လင်းစွာ ကုသိုလ်အစစ်အမှန်နဲ့
အနှစ်သဏ္ဍာန် အသိမမှားအောင်ကွယ့်
သတိထားဆောင် အမြတ်တရား
စိတ်ထားဖွေးလက် ...။ ။

၎ ၎ ၎

## အမှားပြင်ဆင်ချက်

* ကိုယ့်ထက်သာလည်း
မနာလိုကင်း၊ ဝန်တိုရှင်း၍
စိတ်ရင်းမှန်စွာ၊ မုဒိတာဖြင့်
ရင်မှာကျေနပ်နိုင်ရမည် . . .၊

* အကျိုးတစ်ခု၊ ဖြစ်တည်မှုလျှင်
ပြုသည့်အကြောင်း၊ ဆိုးအကောင်းဖြင့်
လောင်းရိပ်ဖြန့်မိုး၊ လက်ယုက်ထိုးသို့
တန်ဖိုးတူမျှ၊ ခံစားရ၏
ဘဝတစ်ဆစ်၊ ကျိုးအပြစ်ကို
ချစ်ခြင်းဖွဲ့သီ၊ ပီတိကြည်၍
ရှုယ်ရည်တည့်မတ်၊ အသိမြတ်နှင့်
ထုပွတ်ဖြူစင်၊ အမှားပြင်ကာ



အမြင်မှန်စေ၊ ရှင်သန်စေမှ
ဝေခွဲညွှန့်သစ်၊ ရင်အနှစ်မှာ
နှမျစ်ဝင်းဖန့်၊ စိတ်အခန့် . . .
အကြောင်းကောင်းစေအံ့ . . .
ကောင်းကျိုးတည်တည်အံ့ . . .။ ။

ε ε ε

## အခန်း (၃)

မြန်မာပြည်
ကမ္ဘာတည်သရွေ့ ခုံခုံညား ...။

အများအတွက်
ဓားထက်
သားလက်နဲ့ "လွတ်လပ်ရေး" ကို
မွေးမြစေသား ...။

## လောကကို နှပျိုစေသူ

* လမင်း ရာထောင် . . .၊
ထက်သာလွန် အေးမြခြင်းတွေနဲ့
အလင်းကို ဆောင် . . .။
မြင်းမိုရ်ထက်တောင်
ယှဉ်နိုင်ပေါင် မြတ်ကျေးဇူး . . .။
မဟာ သမုဒ္ဒရာထက်
နက်ရှိုင်း လွန်ကျူး . . .။

* ထား ကရုဏာ
စေတနာ မေတ္တာထုက
တုပလို့ မမီသာ . . .။
ရင်ရိပ်မှ အကြင်နာ
ယှဉ်လာသမျှ ပြိုင်ဘက်ကင်း . . .။
ဒုက္ခကို ဘယ်မကြောက်
မိုမောက် ချစ်ခြင်း . . .။



* နှပျို အသွင် . . .၊
မအိုတဲ့ ပြယုဂ်နဲ့
သရုပ် ပီပြင် . . .။
ထာဝရမြင်
ကြည်စင်သည့် ပုံရိပ် . . .။
အနာဂတ်ကို ထွန်းညှိ
ပီတိယိုဖိတ် . . .။

* လန်းလှ မွှေးကြိုင် . . .။
ပန်းပေါင်းစုံ ဆင်းရနံ့ထက်
သင်းပျံ့ပျံ့လှိုင် . . .။
မြင့်မြတ် မြိုင်မြိုင်
ခိုင်ခိုင်ခံ့ တည်ဖြစ် . . .။
ကြည်နူး အစဉ်သာ
ဦးတင်ကာ ဘယ်မဝ
လောက ပျိုမျစ် . . .။ ။

**(၈၄-နှစ်ပြည့်အမေ့ကို ပူဇော်သည့်ကဗျာ)**

၁ ၁ ၁

## ချစ်သမီးအတွက် လက်ဆောင်ကဗျာ

* သိမ်မွေ့ မူယာ ...၊
မနောဖြူ အပြုံးလက်နဲ့
နူတ်မြွက် ချိုသာ ...။
မျိုးနွယ်ရဲ့ သိက္ခာ
လိပ်ပြာလည်း လုစေမင်း ...။
သမီးငယ် လုယဉ်ကျေး
မွေးပျို့ ဂုဏ်သတင်း ...။

* နလုံး လုစေ ...၊
ခိုင်မာသည့် စိတ်ဓာတ်
ရှိအပ်စွာလေ ...။
မိန်းမတို့ ဣန္ဒြေ
ရွှေပေးလို့ မရ ...။
ပြုဆောင်ရာ ကိုယ့်လုပ်ရပ်
ထိန်းမတ်ပါမှ ...။



* လောကရင်ခွင် ...၊
သင်စရာ ခြင်းရာများ
ခံစားဆင်ခြင် ...။
နေထွက်နေဝင်
မြော်မြင်လို့ အစဉ်တွေး ...။
ဘဝရေရှည် လုဖို့
ကြံဆ ရှေ့ရေး ...။

* သမီးတစ်ကောင် ...၊
နွားတစ်ထောင် ပမာအလား
တင်စား ပုံဆောင် ...။
အလိမ္မာနှင့် နှောင်
သင့်မြတ်အောင် စရိုက်မွေး ...။
တစ်ပွင့်ပန် အလုစစ်နှင့်
သစ္စာ ပိုက်ထွေး ...။

* မျိုးစေ့မှန် ...၊
အပင်သန် အပွင့်လှမှ
တင့်လှပေဟန် ...။
အဖိုးတန်
အမျိုးမှန်သည့် ကိုယ်ကျင့် ...။
ကိုယ့်သွင်ပြင် ယဉ်ကျေးမှု
ယုယ ဆောင်လင့် ...။ ။

၄ ၄ ၄



## မြန်မာလိုလှစေချင်

* နှမပျို
အလှချိုချို ဆင်သလို့
ယဉ်လှတယ်လေး ...။

* စုံပဝါ
ခြုံလွှာ အဆင်သွေးက
ယဉ်ကျေးတယ်လေး ...။

* ချိတ် အဆင်
စိတ်ဘဝင် ရင်တစ်ဝန်း
ရွှင်လန်းတယ်လေး ...။

* တမြွတ် တနိုးပါကွယ့်
တန်ဖိုးထား တွယ်တာ ...။

မောင်နီမှိုင်း ၂၉

* ကမ္ဘာမှာ မြန်မာဝလေ့
သိမ်မွေ့ ညင်သာ ...။

* နှစ်သန်းချီ စခန်းအဆင့်ဆင့်
ကမ်းလင့်လို့ စောင့်ထိန်းလာ
ရိုးရာမှန် အမွေအနှစ် ...။

* အတုယူ ပျိုခင်မလွဲပါနဲ့
အကွဲ အကြပ် အဟိုက်ရှောင်
အမိုက်မှောင် အရှက်သွေလို့
ရတက်မဝေ
အခက်မပွေအောင် သတိထားပါလှည့်
အသိတရားတွေ ဘောင်ခတ်
ဆောင်အပ်ရာ ယဉ်ကျေးမှု
ယုယ ဖော်လှစ် ...။ ။

ε ε ε



## အဖေမှ သားသို့

* သားချစ် လုလင် ...၊
ရွယ်နနယ် ငယ်ဘဝ
လှပ ဖြူစင် ...။
ပထမ အရွယ်တွင်
ပညာသင် စာကြိုးစား ...။
စနစ်မှန် စည်းကမ်းတကျ
လုံ့လ ဆပွား ...။

* တိကျ သေချာ ...၊
အနာဂတ် မျိုးဆက်သစ်
တိုးတက်ရစ် စေရာ ...။
မူးယစ် ရှောင်ခွာ
စာရိတ္တ ခိုင်ခံ့ ...။
ကမ္ဘာရှာ "ပညာခေတ်" ကို
ထွန်းသစ်စေအံ့ ...။

✳ ဒုတိယအရွယ်မှာ ...၊
တိုင်းပြည်ဝန် ရွက်ထမ်းဖို့
ခြေလှမ်း ခိုင်မာ ...။
စီးပွားဥစ္စာ
ပညာဖြင့် ရှာမှီး ...။
ဝန်နဲ့အား မြားနဲ့လေးသို့
တွေးဆ ဖန်တီး ...။

✳ မြင့်မြတ် ရင်ခွင် ...၊
ဆင်ခြင်တုံ ကိုယ့်တရားနှင့်
စဉ်းစား မြော်မြင် ...။
ပြည်ထောင်စုဥယျာဉ်
ဂုဏ်တင်သည့် တန်ဖိုး ...။
စုစည်းညီ တည်သည့်အား
သား...ချစ်မြတ်နိုး ...။



✳ တို့ဘိုးဘွား မြတ်အမွေ ...၊
အတိတ်တော ရှေးအစက
မြန်မာ့ ရေမြေ ...။
လေရိုင်းလို့ လှိုင်းထန်စေ
သွေမကွက် ကာကွယ်မြဲ ...။
စိတ်ဓာတ်ခိုင် စွမ်းရည်စစ်တို့
သစ် သစ်နေဆဲ ...။

✳ သား သိစေရည် ...၊
ပြည်ကျိုးဆောင် အနာဂတ်လမ်း
ရွက်ထမ်းခိုင်ကျည် ...။
မြန်မာပြည်
ကမ္ဘာတည်သရွေ့ ခံ့ခံ့ညား ...။
အများအတွက်
ဓားထက်
သားလက်နဲ့ “လွတ်လပ်ရေး” ကို
မွှေးမြစေသား ...။ ။

၎ ၎ ၎

## ဖြတ်သန်းခြင်း

✳ ငယ်သော် "သား" တည့်
စကားအရာ၊ မှတ်ဖူးပါခဲ့
ကြီးလာသော်ကား၊ ငယ်က သားသည်
"အား" လည်းမည်၏၊ ထိုအသိဖြင့်
အမိ အဖ၊ အားကိုးရသည့်
"အတိဇာတ"၊ သားလူလုပ်ဟု
ဘဝ ရှင်သန်နိုင်ရမည် ...။

✳ ငယ်သော် "သမီး"၊ ကြီးသော် "ထီး" ဟု
ရင်းနှီးမှတ်သား၊ ဆိုစကားကို
ပဲ့ပြားမယိမ်း၊ ရင်မှာကိန်းလျက်
ခပ်သိမ်းပြည့်ဝ၊ စိတ်အလှနှင့်
ဖ မိ နှစ်ဖြာ၊ အေးရိပ်ဆာသို့
သာယာငြိမ်းချမ်း၊ မြိုက်စခန်းနှင့်



စိမ့်စမ်းဖြာဝေ၊ အေးမြစေဖို့
မသွေရိုကျိုး၊ ထီးဖြန့်မိုးလျက်
မြတ်နိုး ကြင်ချစ်နိုင်ရမည် ...။

✳ သြော် ...
အားလည်းကြီးကြီး၊ ထီးလည်းမတ်မတ်
ရပ်လည်း ပိုင်ပိုင်၊ ခိုင်လည်းခံ့ခံ့
တံ့လည်း တည်တည်၊ မေတ္တာရည်လျက်
ကြည်လင်နှောင်ဖွဲ့ အပြုံးလဲ့ ...
စောင်းညင်းသံသာနွဲ့ ...။ ။

၎ ၎ ၎

## သားမှ အဖေသို့

* သား လုလင်သို့
ဖခင်မှာကြား၊ ဆိုစကားလျှင်
"အား" သို့ဖြစ်တည်၊ မြဲခိုင်ကျည်၍
ရှယ်ရည်ရင်ထဲ၊ သံမှိုစွဲသို့
ရဲသွေး စွေးနီးခဲ့ပါ၏ . . .။

* ပညာသင်ရာ၊ အရှယ်မှာလျှင်
"ပညာသဘာ . . . အာဘာနတ္ထိ"
တပည့်မရှား၊ ဝမ်းမခါးဘဲ
တစ်ပြားမရှိ၊ မျှော်မကြည့်သူ
ပီတိစားလာ၊ မြတ်ဆရာ၏
သင်ကာညွှန်ပြ၊ ဆိုဆုံးမသည့်
ဘဝပုစ္ဆာ၊ အဖြေရှာရေး
သင်တွေးအံ့ရှုတ်၊ တပည့်ဝတ်နှင့်
မချွတ်မယွင်း၊ သင်ယူခြင်းဖြင့်
ပန်းခင်းကြွရွှ၊ ပန်းစုံလှခဲ့
သားက တစ်ပွင့် ဖြစ်ပါ၏။ . . .။



* သားလုလင်သို့
ဖခင်မှာကြား၊ ဆိုစကားကို
"တရား" သို့လျှင်၊ သိမ်းမြန်းဆင်၍
ရင်မှာစွဲငြိ၊ ထားသတိနှင့်
အသိမြဲခိုင်၊ စိတ်မလျှိုင်လည်း
မယိုင်မယိမ်း၊ တည့်မတ်ထိန်းလျက်
ခပ်သိမ်းကာလ၊ စာရိတ္တတို့
လုပလှဲ့ဝင်း၊ ခံ့ထည်ခြင်းနှင့်
သင်းပင်းဝန်းရံ၊ ဇာတိမာန်နှင့်
ထက်သန်ခိုင်မြဲ၊ လုံ့လဇွဲနှင့်
ရဲရင့်တန်ဖိုး၊ သာကီမျိုး၏
မြတ်နိုးရင်ရိပ်၊ မျိုးချစ်စိတ်နှင့်
ဖိတ်လက်ရွှန်းသစ်၊ အလုစစ်နှင့်
ချစ်မက်မြတ်နိုး၊ စဉ်ရိုကျိုးသည့်
ဘိုမွေဘွားမွေ၊ မြန်မာ့မြေကို
တည်စေတံ့စေ၊ ခိုင်ခံ့စေဖို့

မသွေပေးဆက်၊ သား၏လက်က
ဓားထက်နေရေး၊ အားသစ်မွေးကာ
သွေးလျက် သလျက်ရှိပါ၏။ ...။
ဖခင် ၀မ်းမြောက်ပါလေဘိ ...။ ။

၉ ၉ ၉



## အဖေ ... မသေပါ

* တည်ကြည် မြဲခိုင် ...၊
သီလတွေ ရင်မှာကိန်း
မယိမ်းမယိုင် ...။
ကိုယ်ကျင့်ပိုင်
မဏ္ဍိုင်မတ် နှလုံးသား ...။
စံနမူ ခံယူအပ်
ဖြောင့်မတ် စိတ်ထား ...။

* နွေးထွေး လုံခြုံ ...၊
စိမ့်စမ်းသွယ် လရောင်သွေးသို့
အေးမြ ရိပ်မြုံ ...။
ငြိမ်းချမ်းသည့် သုခဘုံ
ခိုလှုံလို့ ချွေးသိပ် ...။
ရွှေမြင်းမိုရ် သို့အလား
ခံစား ပုံရိပ် ...။

* သည်ခရီးမှာ ◦◦◦၊
ဒီထီးကို ဒီလိုဆောင်း
ကြောင်းကျိုးလျော်စွာ ◦◦◦။
သည်စခန်းမှာ
ဒီလမ်းက ဒီလိုသွား ◦◦◦။
ဘဝကို ပွဲပြင်အပ်
လေးမြတ် ခံစား ◦◦◦။

* ခိုင်မြဲ သစ်လွင် ◦◦◦၊
မေတ္တာတော် အနန္တရယ်က
နှိုင်းရ မမြင် ◦◦◦။
မြင့်မြတ် ရင်ခွင်
ကောင်းကင်တော်သို့ ပမာတင်စား ◦◦◦။
ပေးဆပ်ရာ ဘယ်မတုံ့ခဲ့
ခံ့ထည်သည့် အား ◦◦◦။ ။



* အမှားနှင့် အမှန် ◦◦◦၊
ခွဲခြားကာ သုံးသပ်ပြ
ဆုံးဖြတ်ဝေဖန် ◦◦◦။
ကြောင်းကျိုးအခြေခံ
ကံ◦◦◦ကံ၏အကျိုး◦◦◦။
ယုံကြည်စွာ ရင်မှာမွေ့
အဖေ့တန်ဖိုး ◦◦◦။

* လူမှုနယ်ပယ် ◦◦◦၊
ပေါင်းယှက်နွှယ် ဆက်ဆံကြတော့
အတ္တရှောင်ဖယ်◦◦◦။
ကိုယ်ကျင့်ရင်ဝယ်
စင်ကြယ်စေဖို့ အဖေမှာကြား ◦◦◦။
တွေးလေလေ အောက်မေ့
အဖေ့တရား ◦◦◦။

* ခြင်းရာအဖြာဖြာ ・・・၊
ဆင်ခြင်တုံအသိတရားနဲ့
စဉ်းစားဖို့မှာ ・・・။

* အဖေ့စေတနာ
ကြာလေလေ ရင်မှာသိ ・・・။
သားတို့တွေ ရင်ထဲ
အမြဲအဖေရှိ ・・・။ ။

**(အဖေကွယ်လွန်ခြင်း ၁၆ နှစ်ပြည့်၊ အဖေ့ကို ပူဇော်သည့်ကဗျာ)**

၉ ၉ ၉

## အခန်း (၄)

ဒူးမထောက်・・・လက်မမြှောက်
တက်ခေါက်သံ ထန်ထန်ပြင်းပါလို့
မှန်ကင်းတော် ထင်းမဖြစ်ရအောင်
လစ်ဟင်းမခံ အမျိုးမာန်သာလျက်
အဖိုးတန်ညာလက်အသွားမှာ
ဓားထက်ကာ ရန်ပယ်ရှင်းပါခဲ့
ကွယ်・・・လင်းလက်ဝံ့ကြွား・・・။ ။

## မြန်မာ

* ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
မြတ်နိုးသည့် စိတ်ရင်းမှန် . . .၊

* ကျူးကျော်ရန် မှန်သမျှ
တစ်လက်မ ထိမခံ . . .။

* တန်ဖိုး အသစ်တွေနဲ့
မျိုးချစ်စိတ် ရှင်သန်
ဇာတိမာန် ရင်မှာစွဲ . . .။

* အချုပ်အခြာ
ပြည့်အာဏာ အရှည်ခန့်ဖို့
တည်တံ့အောင် ထိန်းသိမ်းလတ်
မြင့်မြတ်သည့်ဇွဲ . . .။ ။

၀ ၀ ၀



## မြန်မာ့စား

* ထက်ချင်တဲ့ ဓား
ပါးချင်လည်း ပါးပါမည် . . .။

* ဓားမှန်လျှင်
အားမာန်ဝင့်ပါလို့
တင့်တယ်စွာ ဝန်တာထမ်းရွက်
အသွားလက်ပါသည် . . .။

* ပြည့်ရေးရာ ကာကွယ်ထိန်းပါလို့
မယိမ်းယိုင် သစ္စာတရားတွေနဲ့
အနှစ်ပမာအလား ခိုင်ခိုင်ကျည်
ပီပါပေ့ မြန်မာ့ဓား . . .။

* အစဉ် မရိုင်းပါကွယ့်
ယခင်တိုင်း မဟာမြေက
မြန်မာတွေ မွေ့ကာနှောက်လေတဲ့

ဒူးမထောက် . . . လက်မမြှောက်
တက်ခေါက်သံ ထန်ထန်ပြင်းပါလို့
မှန်ကင်းတော် ထင်း မဖြစ်ရအောင်
လစ်ဟင်းမခံ ညာလက်အသွားမှာ
ဓားထက်ကာ ရန်ပယ်ရှင်းပါခဲ့
ကွယ် . . . လင်းလက် ဝံ့ကြွား . . .။ ။

၀ ၀ ၀



## ခြယ်မှုန်းခြင်း

* တွဲသောလက်
ယှက်နွယ်ထား
အားဖြစ်၏ . . .။

* ညီညွတ်မှု
စုစည်းတည်
ပြည်သာ၏ . . .။

* နိုင်းရမပြင်၊ မြန်မာ့ရင်မှ
သစ်လွင်ပုံရိပ်၊ မျိုးချစ်စိတ်တို့
ဖိတ်လက်ရှင်သန်၊ ဇာတိမာန်နှင့်
ထက်သန်မြဲခိုင်၊ စွမ်းရည်မြိုင်သည့်
ပြိုင်ဘက်ကင်းစွာ၊ ဇွဲလုံ့လနှင့်
တက်ကြွနိုးကြား၊ ကိုယ့်တရားနှင့်
ကိုယ့်အားကိုယ်ယုံ၊ ကိုယ့်ရိပ်မြုံကို
လုံခြုံမြဲချမ်း၊ ဘေးမသန်းဖို့

စွမ်းရာကိုယ်စီ ခေတ်ကိုတည် ...
မြင့်မြတ် မျိုးဂုဏ်ရည် ...။ ။



## ငြိမ်းချမ်း ရင်ရိပ်

* ကိုယ့်သဏ္ဍာန် အခြေ
ကိုယ့်ခြံမြေ ကိုပိုင်စည်းနဲ့
ကိုယ့်ထီးရိပ် ကိုယ်ခိုလှုံ ...၊

* ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကာပ
ကိုယ့်ခရီး ကိုယ်တိုင်ထွင်လို့
ကိုယ့်ဥယျာဉ် ကိုယ့်အလှနဲ့
ကိုယ့်ဘဝ ကိုယ်ကြည်ယုံ ...။

* အပြစ် မသိပါ...အချစ်ပိုကာ
နှစ်လိုစွာ ညီသည့်အတွေးနဲ့
နီသည့်သွေး ဇာတိဂုဏ်
ကုံလုံသည့် မျိုးချစ်စိတ် ...။

* ထာဝရ ထာဝစဉ်
သွင်လိပ်ပြာ သဒ္ဒါအလှတွေနဲ့

မြန်မာ့မြေ စည်ပေဖြိုးအောင်လို့
ညီစေတိုးနှောင် တွဲလက်အားတွေနှင့်
မခွဲတစ်သက်. . .မြဲဆက်. . .
အသည်းထက်မှာ ကမ္ပည်းတင်၍
ခရီးတွင်အောင် ရှေ့ဆက်လှမ်းမယ်
(ကွယ်) ငြိမ်းချမ်းရင်ရိပ် . . .။ ။

ε ε ε



## ကြေးမုံသစ်

✳ စုစည်းညီညွတ် တူရှင်ပျော်
ပြည်ထောင်စု မြေပေါ် . . .၊
နောင်တော်ညီဖွား တိုင်းရင်းသား
သွေးချင်းချစ်ကြည် လက်တွဲထား . . .။

✳ နိုးကြားတက်ကြွ အားမာန်ချီ
လူငယ် ဂုဏ်ဝင့်ထည် . . .၊
စွမ်းရည်ကိုယ်စီ ရင်မှာပျိုး
ပညာခေတ်ကို ဖော်ဆောင်ကြိုး . . .။

✳ တန်ဖိုးကြီးမား မြတ်အမွေ
မြန်မာ့သည်ရေမြေ . . .၊
ရေရှည်တည်တံ့ ခိုင်မြဲရစ်
စွမ်းဆောင် မျိုးဆက်သစ် . . .။

* စွမ်းအားရင်းမြစ် ဖွံ့ဖြိုးရန်
လေ့ကျင့်သင်ယူပြန် . . .၊
နှုန်းစံမညို့း ကိုယ့်တန်ဖိုး
ကိုယ့်ယဉ်ကျေးမှု ကိုယ်မြတ်နိုး . . .။

* ကြိုးပမ်းပြုစု ကိုယ့်ရိပ်မြုံ
ကိုယ့်ထီးရိပ် ကိုယ်လှုံ . . .။
ဂုဏ်ယူစွဲမှတ် ဆောက်တည်မှ
အနာဂတ်တွေလှ . . .။

* ရောကလည်း စီးမြဲပင်
ချင်းတွင်းနှင့် သံလွင် . . .။
သံစဉ်တေးသွား ချိုမြအေး
ချစ်ကြည်ပုံရိပ် သင်းပျံ့မွှေး . . .။



* စားဝတ်နေရေး အဖုံဖုံ
ရိက္ခာ ပေါပြည့်စုံ . . .၊
ကုံလုံကြွယ်ဝ ထုတ်ယူကြ
မြန်မာ့သယံဇာတ . . .။

* ကြံ့ခိုင်မြော်မြင် အသိယှဉ်
မြှင့်တင်ကြစို့ ကိုယ့်ဂုဏ်အင် . . .၊
အစဉ်နိုးကြား စွမ်းဆောင်ရစ်
ခေတ်ကြေးမုံပြင်သစ် . . .။
လူငယ့်ဂုဏ်ရည်စစ် . . .။ ။

၎ ၎ ၎

မောင်နီမှိုင်း ၄၁

## အား

* လေမှာကျက်စား၊ ကျေးငှက်များ၏
"အား" ကား ကောင်းကင်၊ အမှန်ပင်တည့် ...။

* ရေမှာကျက်စား၊ ရေပျော်ငါးတို့
"အား" ကားရေပြင်၊ အမှန်ပင်တည့် ...။

* တောင်ပေါ်မြေပြန့်၊ နေရာနှံ့မျှ
တည်တံ့ခိုင်ကျည်၊ အတေတီမှ
ခိုမှီပျော်မွေ့၊ ကိုယ့်ဓလေ့နှင့်
တွေ့ဆုံယှက်နွယ်၊ ချစ်ခွန်းသွယ်လျက်
ပြည်နယ် ပြည်မ၊ မခွဲကြဘဲ
အလှမြဲခိုင်၊ အပြုံးလှိုင်ခဲ့
နိုင်ငံချစ်စိတ်၊ လက်လက်ဖိတ်၍
အတိတ်မှစ၊ ပစ္စုပ္ပန်တိုင်



နောင်က ညီကို၊ အချစ်ပို၍
နှစ်လို ညီက၊ ရှင်ကြည်မြစွာ
ဘဝမြင့်မား၊ သို့ ခံစားဖို့
ကြိုးစားညီညီ၊ နောင်ဖွံ့ချည်သည့်
ချစ်ကြည်သင်းပင်း၊ စည်းလုံးခြင်းလျှင်
ရိုးစင်းခံ့ညား၊ တို့လေးစားသည့်
"ပြည့်အား" စင်စစ်ဖြစ်ပါသည် ...
တန်ဖိုးသစ္စာတည် ...။ ။

၀ ၀ ၀

## ရိပ်မြုံ

* စုစည်းခြင်းသည်၊ ခန့်ခိုင်တည်၏
ညီညွတ်ခြင်းကား၊ တို့ကိုးစားသည့်
"အား" ကိုဖော်ဆောင်၊ ထိပ်အခေါင်တည့်
ပြည်ထောင်ဖြန့်ကျက်၊ တွဲသောလက်နှင့်
ချစ်မက်ကြည်ဖြူ၊ မငြူစူပါ
အေးတူပူမျှ၊ ခံစားကြရင်း
ဘဝခိုင်မတ်၊ အနာဂတ်ကို
ရှင်းပြတ်ရဲဝံ့၊ နောက်မတွန့်ဘဲ
စွန့်စား တည်ထောင်ခဲ့သည်ပင် ...။

* တို့တည်ထောင်သည့်
ပြည်ထောင်ရှန်းပ၊ ဂုဏ်အလှလျှင်
ကြွယ်ဝရိက္ခာ၊ ပြည့်စုံစွာနှင့်
ထည်ဝါဖြိုးဖြိုး၊ ကိုယ့်တန်ဖိုးနှင့်
အမျိုးဘာသာ၊ သာသနာနှင့်
စာနာခံစား၊ နှလုံးသားနှင့်



ခွဲခြားမမြင်၊ သံယောဇဉ်နှင့်
ကြည်လင်မြေချမ်း၊ မေတ္တာစမ်းနှင့်
မခမ်းမသွေ့၊ ကိုယ့်ဓလေ့နှင့်
ပျော်မွေ့ကြည်ယုံ၊ သစ္စာခြုံ၍
ရိပ်မြုံငြိမ်းချမ်းခဲ့သည်ပင် ...

* ငြိမ်းချမ်းရိပ်မြုံ၊ အလှစုံစွာ
ခိုလှုံနိုးကြား၊ ကိုယ့်တရားနှင့်
ဝံ့ကြွားယုံကိုး၊ တို့မြတ်နိုးသည့်
အမျိုးသားဟန်၊ ဇာတိမာန်နှင့်
နှုန်းစံမြင့်မား၊ တို့လေးစားသည့်
ရိုးသားမွန်ရည်၊ မနောကြည်နှင့်
တည်ငြိမ်တည့်မတ်၊ စွမ်းဆောင်အပ်သည်
မြင့်မြတ်ခိုင်ကျည် ရှေ့သို့ချီ ...
မြန်မာ့သွေး...စွေးစွေးနီ ...။ ။

ဧ ဧ ဧ

## အခန်း (၅)

ဆူးငြိမခံချင်က
ဆူးပင်နှင့် ကင်းအောင်နေ
ဆူးတွေနှင့် ဝေးအောင်ရှား
ကိုယ့်တရား ကိုယ်ခံမင်လို့
ကိုယ့်ရင်မှာ အတွာဆူးကိုလ
မကျူးအောင် အမြစ်ပြုတ်
နှုတ်ပယ် ချက်ချင်း . . .။

## စာပေ၊ ဓမ္မဟုသုတနှင့် ဘဝအောင်မြင်မှု

(၁)

* ကန်မိတ္ထီလာ
ရေပြာပြာ ကြည်လင်စွ ...။
"မင်းကြီး စွာစော်ကဲ"
ရောက်ဆဲ ကာလ ...။

* မြင်ရသည့် အဆောက်အအုံ
အဘယ်ပုံ တည်ရှိ ...။
အဖြစ်မှန်ကို မရှံ့မကြောက်
လျှောက်တင်စေ၏ ...။

* မှတ်တမ်း မဝင်ပါ
များသူငါ နှုတ်စကား ...။
နတ်စင် နတ်ကွန်းဟု
ရည်ညွှန်း လျှောက်ထား ...။



(၂)

* စာတို "ညို"
ထွန်တုံးကို ရပ်နား
"မင်းကြီးစွာ" ရှေ့တော်မှောက်
ဝင်ရောက်ခစား ...။

* မင်းမြတ် "အနော်ရထာ"
မိတ္ထီလာ ရောက်လာခိုက် ...။
ကံကုန်သူ မိဖုရားအတွက်
ခံစားအူလှိုက် ...။

* လွမ်းငွေ့ရယ်ဆူ
အပူမြိုက် ရင်မှာနွမ်း ...။
မှူးမတ်တွေ အကြံပြု
ရွှေရုပ်တုသွန်း ...။

* ရွှေရုပ်နှင့် မကွာ
တူညီစွာ ပုံပြု ...။

ဆောင်နန်းမှာ မြင်သည်ကား
သစ်သား ပန်းပု ...။

* ကန်ပေါင်အောက်မှာ
"ငါးတောင်ကွာ" မြုပ်နှံထား ...။
နော်ရထာ ရင်မှလုပ်သည့်
ရွှေရုပ် မိဖုရား ...။

(၃)

* စကား ရေရာ
သေချာစွာ လျှောက်တင်ဘိ ...။
ကန်ပေါင်ကို တူးဖော်ထုတ်တော့
ရွှေရုပ်ပေါ်၏ ...။

* မင်းကြီး ရင်မှာ
ဝမ်းမြောက်စွာ ပီတိလွှမ်း ...။
"ညို" ကိုဆုလာဘ်များနှင့်
မြောက်စားချီးမွမ်း ...။



* "ဝန်ဇင်း မင်းရာဇာ"
ပညာရှိ အမတ် ...။
သုခမိန် အရာထား
ခစားစေအပ် ...။

(၄)

* စာပေထဲမှာ
ပညာအသိ ရှာမှီး ...။
ဗဟုသုတ စွယ်စုံလေ့
မွေ့လျော် ဖြည့်ဆည်း ...။

* ဘဝကို မြှင့်တင်လို
ညိုသို့ ဆောင်ကျင့် ...။
ရေပြည့်အိုးပမာ ဆောင်ပြု
အောင်မှုအရှည်တင့် ...။ ။

၎ ၎ ၎

## အဖြူရောင် ကဗျာ

* လင်းအရဏ်၏
ရင်ခုန်စည်းချက်၊ ကသောလက်လျှင်
ချစ်မက်သစ်လွင်၊ ရှင်းသန့်စွာ
နယဉ်နွဲ့ပျောင်း၊ နေ့သစ်လောင်းခဲ့
ကောင်းမြတ်ချိန်ခါ၊ မင်္ဂလာနှင့်
ထည်ဝါဖြိုးဝေ၊ ကျက်သရေနှင့်
မသွေအပ်နှင်း၊ ငြိမ်းချမ်းခြင်းနှင့်
ခင်းကျင်း ဆင်ယင်လာခဲ့ပြီ ...။

* ခင်းကျင်းနေ့သစ်၊ အရဏ်လုစ်၍
ပျိုမျစ်နီဒါန်း၊ သူပြဌာန်းသော်
ခြေလှမ်းအစ၊ ဆင်ခြင်ရလိမ့်
ဘဝအမြင်၊ အသိယှဉ်လျက်
ဖြစ်စဉ်ကြောင်းကျိုး၊ "ငါ" မပိုးဘဲ
တန်ဖိုးသိမှတ်၊ အနေတတ်မှ
မြင့်မြတ်ပြည့်ကြွယ်၊ လောကနယ်မှာ



နွယ်ခဲ့ကမ်းလက်၊ နူးညံ့သက်၍
ချစ်မက်ဖေးကူ၊ အသွေးတူစွာ
ကြည်ဖြူတွေးဆ၊ နှလုံးလှနှင့်
အတ္တရှောင်ခွာ၊ စီးဆင်းပါသော်
ရင်မှာစွဲငြိ၊ ဂွမ်းဆီထိလို့
ပီတိရွှန်းစို၊ ရသချို၏
နှပျိုလန်းစွင့် အပြုံးပွင့် ...
လောက ဂုဏ်ရည်ဝင့် ...။ ။

ၔ ၔ ၔ

## အုတ်မြစ်

* နေအိမ်တိုက်တာ၊ ဆောက်သည့်ခါဝယ်
ကာလ တာရှည်၊ ခံနိုင်ရည်ကို
နှုန်းမီ တွက်ဆ၊ အုတ်မြစ်ချ၍
တိကျသေချာ၊ တည်ဆောက်ပါမှ
ခိုင်မာလှပ၊ ရုပ်လုံးကြွလျက်
အာမခံချက် ပြည့်စုံသည် ...။

* မွေးဖွားခြင်းမှ၊ စခဲ့ရသည့်
ဘဝနေနည်း၊ သည်ခရီးဝယ်
နည်းလမ်း ဖြာဖြာ၊ ရှုပကာကို
ခြယ်ကာ မှုန်းသ၊ မြင်တိုင်းလှဖို့
တမ်းတ ချစ်မက်၊ ပြုပြင်လျက်သာ
နှစ်သက်မြတ်နိုး၊ ကိုယ့်တန်ဖိုးဟု
ယိုးမှားတွေးထင်၊ မသန့်စင်လည်း
ရင်မှာ ကျေနပ်နေတတ်သည် ...။



* အပေါ်ယံ၏
သဏ္ဍာန်အလှ၊ ခြယ်ကာသလည်း
ခဏသာပင်၊ ယာယီမြင်ရ
ရင်မှာအရိပ်၊ ဖြူသည့်စိတ်သာ
လိပ်ပြာရှင်းသန့်၊ တည်ငြိမ်ခံ့လျက်
ကြံ့ကြံ့မြဲခိုင်၊ မယိမ်းယိုင်ဘဲ
မလျှိုင်တည့်မတ်၊ ဂုဏ်မြင့်မြတ်စွာ
အတ္တဆိတ်သုဉ်း၊ မေတ္တာမှုန်းမှ
နှလုံးလည်း လှ၊ အပြုံးလှစွာ
ဘဝမြင့်မား၊ စဉ်ရှိုးသားသည့်
စိတ်ထားအုတ်မြစ်၊ ခိုင်မာရစ်ဖို့
နှစ်နှစ်ကာကာ၊ တည်ဆောက်ပါမှ
ထည်ဝါလှပ၊ ရုပ်လုံးကြွသည့်
ဘဝရှင်သန်လိမ့်မည်တကား ...။ ။

၄ ၄ ၄

## အဖွင့်စာမျက်နှာ

* အလင်းမြားက
အားမာန်ပြည့်ဝ၊ သူ့ရသနှင့်
လောကကိုလျှင်၊ အလှဆင်ဖို့
သစ်လွင် နုရွ၊ အရဏ်စ၍
နိုးထပျိုမျစ် လာခဲ့ပြီ . . .။

* နေ့အသစ်က
လှစ်ဟနိုးကြား၊ သူ့ တရားနှင့်
ရိုးသားဖြူစင်၊ သူ့ရင်ခွင်နှင့်
အစဉ်ခိုင်မာ၊ သူ့သိက္ခာနှင့်
လိမ်ညာမှုကင်း၊ ဖြောင့်မတ်ခြင်းနှင့်
မြင်ကွင်းရောင်စုံ၊ မတွေ့ကြုံမီ
သူ့ဂုဏ်လင်းလက်၊ နူးညံ့သက်၍
ကျက်သရေဖြာ၊ တက်နေသာဖို့
ခြံုလွှာပြယ်လွင့်၊ ပြေစွာတင့်ခဲ့
ဝင့်ထည်နုသစ်၊ ညွန်းထုဆစ်ကာ
ချစ်ခြင်း သီဖွဲ့လာခဲ့ပြီ . . .။



* ကွယ် . . .
နေ့သစ်သွန်းလောင်း၊ ဖြစ်ပျက်ပြောင်းလျက်
အကြောင်းအကျိုး၊ ကောင်း အဆိုးကို
တန်ဖိုးထင်ဟပ်၊ ဆင်ခြင်တတ်မှ
စွဲမှတ်သတိ၊ ရင်ဝယ်ငြိမှ
ရှိရင်းပင်ကို၊ စိတ်နုပျိုမှ
မလို ဒေါသ၊ လိုလောဘနှင့်
မောဟ ကင်းလွတ်၊ အသိညွှတ်မှ
လောကွတ်ကြော့ကွင်း၊ ဟန်ဆောင်ခြင်းတွေ
မုန်းခြင်း မဲ့ခြင်း၊ ခက်ထန်ခြင်းတွေ
စပ်လျဉ်းသမျှ၊ ခဝါချလျက်
ဓမ္မတရား၊ အလိုအားသာ
ခံစားတွေးချင့်၊ ကြံစည်ကျင့်သော်
သင့်တင့်မျှစွာ၊ စိတ်စေရာလျှင်
ငါဘက်မပြို ဝန်မတို . . .
ရွှန်းစိုပီတိ ဝေမည်ကို . . .။ ။

ၔ ၔ ၔ

## ဆူး

* ပန်းနှင်းဆီ သဘာဝ
ဝန်းရံခ ဆူးတွေဆင် ...။

* အပိုင် ခူးမယ်လို့
ဆူးရှောင်ကာ ချိုးယူမိသော်မှ
ဆူးငြိလို့ နာကျင် ...။

* အမှတ် ထင်ထင်
ဆင်ခြင်မိ အမြင်ရှင်း ...။

* ဆူးငြိ မခံချင်က
ဆူးပင်နှင့် ကင်းအောင်နေ
ဆူးတွေနဲ့ ဝေးအောင်ရှား
ကိုယ့်တရား ကိုယ်ခံမင်လို့
ကိုယ့်ရင်မှာ အတ္တဆူးကိုလ
မကျူးအောင် အမြစ်ပြုတ်
နှုတ်ပယ် ချက်ချင်း ...။ ။

၎ ၎ ၎



## လမ်းလျှောက်ရအောင်

* အရှေ့ဆီမှာ၊ ရောင်နီဖြာခဲ့
ရင်မှာမျှော်လင့်၊ နှင်းချိန်ချင့်၍
သင့်မြတ်ခံစား၊ နှလုံးသား၌
မြင့်မားမေတ္တာ၊ မုဒိတာနှင့်
သစ္စာပွင့်ပန်း၊ လန်းပါလို့ ...။

* နေ့အသစ်၌
ချစ်ခြင်းဖွဲ့သီ၊ ပီတိကြည်ဖို့
လေပြည်ညင်းလို၊ ရင်တစ်ခိုမှာ
မလိုမုန်းထား၊ စရိုက်မှားနှင့်
ပယ်ရှားအတ္တ၊ ကင်းစင်မှသာ
ဘဝရှင်သန်၊ အဖိုးတန်၏
လျှော်ကန်ဖြောင့်မတ်၊ ကျင့်ဆောင်အပ်ရာ
ဆုံးဖြတ်သိမြင်၊ သတိယှဉ်၍
ရင်မှာမြေ့ချမ်း၊ ခရီးလမ်းကို
ဖြတ်သန်းလှမ်းလျှောက်ရမည်ပင် ...။ ။

၎ ၎ ၎

## ဆန္ဒမွန်

* ဉာဏ်နှင့်ကြည့်၍
အသိခိုဝင်၊ သတိရင်၌
ရှင်သန်နိုးထ၊ စိတ်ထားလုမှ
ဘဝခရီး၊ တွေ့ဆုံဆည်းရာ
အကျည်းတန်ခြင်း၊ ဝေးကွာကင်းလျက်
ရင်းနှီးချစ်ကြည်၊ ခန့်ခိုင်တည်သည့်
ပီတိခံစား၊ နှလုံးသားလျှင်
ရိုးသားဖြူစင်၊ ရှင်းသန့်လွင်အောင်
ဆင်ခြင်စွမ်းရစ်နိုင်စေမင်း ◦◦◦။

* သည်သို့ဆင်ခြင်၊ အသိရင်၌
မြော်မြင်ကျိုးကြောင်း၊ ရလာဒ်ကောင်းဖို့
ပေါင်းသင်းယှက်နွှယ်၊ လူမှုနယ်၌
မှူန်းခြယ်ကိုယ်ကျင့်၊ သီလတင့်စွာ



မြင့်မြတ်ဂုဏ်ပုဒ်၊ စဉ်ကြိုးကုပ်၍
အလုပ်လုအောင်၊ မြဲစွမ်းဆောင်မည်
လူ့ဘောင်ကောင်းကျိုးတည်စေမင်း ◦◦◦။ ။

ၔ ၔ ၔ

မောင်နီမှိုင်း ၅၁

## ရှိုးသားရအောင်

* ရေစက်ပေါင်းကြောင့်
ကြောင်းကျိုးအလိုက်၊ ခံစားထိုက်စွာ
အခိုက်အတန့်၊ ထောက်အပံ့ဖြင့်
နိမ့်မြင့်ဆူကြုံ၊ တွေ့ခွင့်ဆုံရ
ကာလတစ်ခု၊ ကိုယ်တိုင်ပြုသည့်
ဆိုးမှုကောင်းမှုအထွေထွေ ･･･။

* အပြစ်ကင်းသည့်၊ ချစ်ခြင်းအားဖြင့်
စိတ်ထားဖြူလျက်၊ မေတ္တာဖက်၍
သူ့ဘက်ကိုယ့်ဘက်၊ အကျိုးဆက်တို့
သွယ်ယှက်ပေါင်းစည်း၊ တရားမှီကာ
အကျည်းတန်ခြင်း၊ လောင်းရိပ်ကင်းစွ
ရင်းနှီးပျော်မွေ့၊ ခဏတွေ့ခိုက်
ကောက်ကွေ့တွေးကြံ၊ မဖောက်ပြန်ဘဲ



မာန်မာနချိုး၊ ကိုယ့်တန်ဖိုးကို
မြတ်နိုးရင်တွင်း၊ ငြိမ်းချမ်းခြင်းဖြင့်
ခင်းကျင်းခံစား၊ နှလုံးသား၌
ရှိုးသားဖြောင့်မတ်ကြရအောင် ･･･။ ။

ဧ ဧ ဧ

## နွေထဲကတရား

* နေအပူက
စုပ်ယူထွေးအံ၊ တံလှပ်ထန်၍
ရီးတံပြိုင်းပြိုင်း၊ ပင်အကိုင်းတို့
အရိုင်းဆန်စွာ၊ နွေရင်မှာလျှင်
ပမာငါးရိုးနှင့်သည်သို့ ...။

* နွေလက်တံက
ထန်ထန်ပြင်းပြင်း၊ ရိုက်ဆော်ညှင်း၍
ခင်းကျင်းမင်းမူ၊ နေရာယူလျက်
အပူသည်းစွာ၊ ရော်ရွက်ဝါတို့
မာယာပြောင်းနွဲ့၊ လေအသွဲ့တွင်
လူပ်လဲ့လူပ်လီ၊ သီကရီနှင့်
တွယ်မှီရာပျက်၊ နူတ်မဆက်ဘဲ
မြေသက်လွင့်မျော၊ အကြွေတောမှာ
ဥသြသံချို၊ အလွမ်းပိုအောင်
ညွှန်းဆို သီကြွေးနေသည်သို့ ...။



* သို့တစ်မူလည်း
အပူတောမှ၊ မာန်စောင်ကြွ၍
နိုးထရွှန်းစို၊ စိမ်းညို့ညိုစွာ
နုပျိုညွှန့်ဖူး၊ ရွှေရည်လူးဖို့
နေဆူးမကြောက်၊ နွေမကြောက်ဘဲ
ကြိုင်လှောက်သင်းထုံ၊ အပွင့်စုံဖို့
ရင်ခုန်သစ်လွင်၊ နွေရင်ခွင်မှာ
ရှင်သန်နိုင်မှ၊ သူ့အလှဟု
ဘဝစံထား၊ သူ့တရားကို
ခံစားမြင်ကြည့် အဖြေသိ ...
ပိတောက်သတ္တိ ရင်မှာငြိ ...
ပွားစီပီတိ ဝေပါ၏ ...။ ။

၎ ၎ ၎

မောင်နီမှိုင်း ၅၃

## လေထဲက တရား

* ရော်ရွက်ဝါတွေ ···၊
လေနှင်ရာ အလိုက်သင့်
မျောလွင့်လို့နေ ···။
တွယ်ရာမဲ့ အခြေ
နေရာမဲ့ ဘဝ ···။
မတည်ငြိမ် လှုပ်ရှား
ပြေးလွှား နေကြ ···။

* တိမ်လိပ် တိမ်စိုင် ···၊
သဏ္ဍာန်စုံ ရုပ်ပုံကြွ
လှုပ မြိုင်ဆိုင် ···။
လေနှင်တော့ သူယိုင်
သူ မပိုင် လွင့်ပြယ်ပျက် ···။
ကောင်းကင်မှာ တလှုပ်လှုပ်
ကသုတ်ကယက် ···။



* ရွက်ဝါနှင့် တိမ်လျှင် ···။
လေနှင်ရာ လွင့်ပါတက်တော့
လွတ်လပ်သည် ထင် ···။
ခါတစ်ရံတွင်
လွတ်လပ်ချင် သူတို့အတိုင်း ···။
လောကခံကို ဖက်ပြိုင်ဖို့
တက်ကိုင် စိတ်ရိုင်း ···။

* တကယ်ဆို ···။
ကောင်းကင်လို အတည်အတံ့
ခံ့ခိုင်ဖို့ လို ···။
အသိနှင့် သတိကို
ရင်မှာသို စိတ်ကိုထိန်း ···။
ဓလေ့ဘုံ
အလေ့အထုံ စရိုက်မှား
ပယ်ရှား ခပ်သိမ်း ···။ ။

၎ ၎ ၎

## အမွေ

* ရခဲလှစွာ၊ ရလာဘဝတွင်
လူ၏တန်ဖိုး၊ မြတ်နိုးအပ်သည်ပင်
မေတ္တာ ရင်ခွင်၊ အကြင်နာနှင့်
ကိုယ့်ကျင့်တည်စွာ၊ မြဲသစ္စာ
သိက္ခာဂုဏ်တင့် မြင့်သည်နှင့်လေး ...။

* လူနှင့်ဝန်းကျင်၊ သစ်လွင်ရှင်းသန့်စွာ
လောဘ ဒေါသ၊ မောဟ ကင်းစင်ကွာ
သတ္တလောကာ၊ ကမ္ဘာမြေအား
လေးစား ချစ်ခင်၊ အလှဆင်
မြော်မြင်တရား ထားသည်နှင့်လေး ...။

* ခံ့ညားဝေဆာ၊ အနာဂတ်ကိုမျှော်
ယမ်းနံ့တွေဖျောက်၊ မိုးအောက်မြေပြင်ပေါ်
မျိုးဆက်တို့ပျော်၊ တွေးမျှော်ခံစား
စစ်များကင်းဝေး၊ ငြိမ်းချမ်းရေး
ဆိုတေးသံများ ကြားသည်နှင့်လေး ...။



* "နာဂါးစကီး"၊ "ဟီရိုရှီးမား" လျှင်
အနုမြူစစ်၊ ဆိုးညစ်နွံနစ်ဝင်
နလုံးသားတွင်၊ ဆင်ခြင်ရင်နှစ်
ပန်းသစ်ပွင့်ဝေ၊ ကမ္ဘာမြေ
အမွေချန်ထား၊ ရစ်သည်နှင့်လေး ...။
မျိုးဆက်သစ်တို့ ဘဝရေရာ သေချာငြိမ်းချမ်း
အခြေတကျရည် ...။
တိုးတက်ရစ်ဖို့ အလှဝေဖြော မြေကမ္ဘာ
စိမ်းလန်းစေရမည် ...။

(နျူကလီးယားလက်နက်ဖျက်သိမ်းရေးသို့)

၄ ၄ ၄

## အခန်း (၆)

လရောင်ထွေးဖက်၊ ကျေးလက်ညချမ်း
အလွမ်းမထင်၊ အမြင်မရိုး
တန်ဖိုးထည်ဝါ၊ ရိုးရာမပျက်
အပြစ်အမျက်မဝေ၊ ချစ်မက်မပြေ

## လသာတဲ့ ကျေးလက်

* ည အခင်း၏
လမင်းအပြုံး၊ ရွာလုံးဖြန့်ကြက်
ည၌ငှက်တေးသံ၊ လွင့်ပျံဝိုးဝါး
ကြိုးကြာ သစ်ရိပ်ဆီမှထင့် ...။

* လရောင်ဆမ်း၍
ကြာပန်းရနံ့၊ သင်းပျံ့လှိုင်ကြူ
ဆောင်ယူလေညင်း၊ ညခင်းနုပျို
ကြည်ချို ရသ၊ လုပစုဝေး
"မလေး" ကြိုနေ၊ ပလွေ တေးရင်
"လုလင်" လာလမ်း၊ ရော်ရမ်း မှန်းမျှော်
အပျော် ဖူးပွင့်၊ ရင်ဖိုသရှင့် ...။

* ရွာလယ်လမ်းမှ
ခြေလှမ်းသိုသိပ်၊ ပုံရိပ်ကိုမြင်
မယ့်ရင် လှိုက်ဖို၊ ရွှန်းစိုပီတိ



အကြည့်ဆုံယောင်၊ လရောင်ပြိုးပြက်
အိပ်မက် မဟုတ်၊ ပြယုဂ် သက်သေ
ပလွေသံပေး၊ "မလေး" မျက်နှာ
ကြည်သာ ပပဝင်း၊ ပြတင်း လှစ်ဟ
ပြုံးစစနှင့် ယဉ်သကို ...။

* ကွယ် ...
လရောင်ထွေးဖက်၊ ကျေးလက်ညချမ်း
အလွမ်းမထင်၊ အမြင်မရိုး
တန်ဖိုး ထည်ဝါ၊ ရိုးရာမပျက်
အပြစ်အမျက်မဝေ၊ ချစ်မက်မပြေ
ပလွေ တေးသံ လွင့်ပျံနေ ...။ ။

၎ ၎ ၎

## အပြန်လမ်း

* ရွာလယ်မှာ ချောင်း
ချောင်းထဲမှာ လှေ
လှေထဲမှာ ငါး . . .။

* ရွာနောက်မှာ ယာ
ယာစပ်မှာ တော
တောထဲမှာ ဝါး . . .။

* ဝမ်းရေးတွက်လျှင်၊ လုပ်ငန်းဝင်ရ
အသွင်ကွဲပြား၊ မတူခြားမင့်
ငါးလည်းဝမ်းစာ၊ ဝါး ဝမ်းစာပင်
ရွာလယ် ချောင်းရိုး၊ ယာတစ်ရိုးမှ
ရွှေချိုးကူသံ၊ တေးတမာန်ကို
ခံစားမွေ့ညင်၊ ကြည်နူးရင်ဖြင့်



သက်ဝင်လှုပ်ရှား၊ နှလုံးသား၌
အားတို့စုစည်း၊ ဘယ်မညည်းခဲ့
ခရီး ဆန့်တန်း၊ အိမ်ပြန်လမ်းမှာ
ပန်းတွေနဲ့ဝေ၊ အပြုံးခြွေ . . .။
သက်ထားအိမ်သူ ကြိုလင့်နေ . . .။ ။

၄ ၄ ၄

## ကျေးလက် အရှက်

* အရှေ့ဆီမှာ ・・・။
လင်းအရုဏ် ရောင်နီသစ်
နမျစ်ဝေဆာ ・・・။
ငှက်ကျေးသာရကာ
သံစာစာ သီကြွေး ・・・။
ကိုးကွယ်ရာ ရွာလယ်ကျောင်းက
အုန်းမောင်းသံ ပေး ・・・။

* မပျက်စဉ်လာ ・・・၊
ဆွမ်းချက်ရာ တို့ရွာတွင်း
လင်းလက် ရောင်ဖြာ ・・・။
အမှျဝေကာ
သာဓုသံ မစဲ ・・・။
ကြေးစည်သံ ချိုသာဝင့်
လွင့်ပျံ့နေမြဲ ・・・။



* လူ့ပ်ရှားနေပြန် ・・・၊
လုပ်ငန်းခွင် ကိုယ်စီသွားဖို့
စွမ်းအားတွေ သန် ・・・။
အရိုးခံ
ဖြောင့်မှန်သည့် စိတ်ရင်း ・・・။
ရက်အားမယူ
လက်စားကူ လုပ်အားမျှ
လှပမြင်ကွင်း ・・・။ ။

(ဇာတိမွေးမြေ “ကန်ပြောင်” ရွာကလေးသို့)

ε ε ε

## သုံးရာသီ အလှ

* မိုးစက်တို့ ကြွေ
ရေပြင်ပြည့် လယ်ကွင်း ...။
ထယ်ရေးငင် ထွန်ရေးညက်
ပေါင်းမြက်တွေ ရှင်း ...။

* ညင်းလေပြည်တွင်
ကောက်ပင်တို့ နွဲ့ယိမ်း ...။
လယ်ကွင်းပြင် မြရည်လိမ်း
စိမ်းမြမြစိမ်း ...။

* နှင်းဖျန်းသည့် ဟေမာန်
ကောက်နံ့ပြည့် ရွှေအဆင်း ...။
စနစ်မှန် နည်းမှန်မှုက
အောင်ဆုကို နှင်း ...။



* နွေမှာ နေကြာ
သေချာသည့် တန်ဖိုး ...။
ပဲမျိုးစုံ သီးထပ်များနဲ့
စီးပွားတွေ တိုး ...။

* ပဗ္ဗင္ဟ အမွေခံ
ဗျောစည်သံ ညံမစဲ ...။
ဘုရားကျောင်းကန် ပြုပြင်ကြ
ဒါနအောင်ပွဲ ...။ ။

၎ ၎ ၎

## ရေမြင့် ကြာတင့်

✳ တာသကြံန် နှစ်သစ်ဦး
ပျော်မြူးလို့ စိတ်မှာရွှင် ···။
ရွာလယ်မှာ အုန်းလက်တပ်
မဏ္ဍပ်ကို ဆင် ···။
ဒိုးဝိုင်းက သံစုံလွင်
က ချင်သလို ဝင်လို့က ···။
ရွာလုံမေ အပျိုချောတို့
သဘောတော်ကျ ···။

✳ အုန်းလက်ဆင် မဏ္ဍပ်ဘေး
မီးမွှေးဖို့ မီးဖိုပြင် ···၊
မုန့်လုံးရေပေါ် အပြိုင်လုံး
ရေပ်သီးဖုံးလို့ အပျော်လွင် ···။
နံ့သာသွေး ပြိုင်ပွဲတွင်
ပျိုခင်တို့ ယှဉ်ကာနွှဲ ···။
ထန်းညီနောင် ယာတစ်ရိုးက
ချိုးကူသံ ခွဲ ···။



✳ ရွာဦးဆီ ကျောင်းဝင်လမ်းသို့
လှမ်းခဲ့ကြ စုံအညီ ···၊
ရေချိုးမှာ ကန်တော့ပွဲနဲ့
ပူဇော်ပွဲ နွှဲရန်ရည် ···။
ဆွမ်းတော်အုပ် ကိုယ်စီ
ပီတိကြည် မနောလှ ···။
ဘဝနာ သီလပန်းတို့
မြန်းဆင်ကာသ ···။

✳ ဆရာတော် ဦးဆောင်မှုနဲ့
ပြုပြင်ကြ ရွှေစေတီ ···၊
ကျောင်းဇရပ် လမ်းတံတားတို့
ခံ့ညားဝေစည် ···။
ထိုကောင်းမှု အလီလီ
သဒ္ဓါကြည်သည့် မြတ်ဒါန ··· ။
ခါသကြံန် ပွဲတော်ရက်မှာ
ရေစက်အတူချ ···။

* မဏ္ဍာပ်အလယ် ထိုင်ခုံခင်း
ရိုင်းပင်းလို့ လက်တွဲခေါ် . . .၊
ဘိုးဘွားပူဇော်ပွဲ
နွှဲဆင်လို့ မော် . . .။
လက်သည်ညှပ် ခေါင်းလျှော်
ပါးပြင်ပေါ် နံ့သာလိမ်း . . .။
မွေးပျံ့လွင် သင်းသင်းဝေ့
ချမ်းမြေ့ ရင်ငြိမ်း . . .။

* အေးပါစေ မွေးစေကြောင်း
ကောင်းမြတ်သည့် စိတ်ရင်းမှန် . . .၊
နံ့သာရေ သပြေခက်နှင့်
ဖျန်းပက် ပြန်လှန် . . .။
အပျိုမတို့ ရှက်သွေးလျှံ
ထွက်ပြေးဟန် ကိုယ်ကိုနွဲ့ . . .။
ပိတောက်ဝေ နွေတစ်ကြော
ဥသြသံ တွဲ့ . . .။



* သင်္ကြန်တော် နှစ်သစ်ဦး
ထူးမြတ်သည့် မင်္ဂလာ . . .၊
ကိုယ့်ရိုးရာ ကိုယ့်ဓလေ့
ကြည်မွေ့ ရင်မှာ . . .။
ကျေးလက်ရဲ့ အတာ
မြန်မာမှု "ရေမြင့်" . . .။
ဘဝင်အေးစရာ
ယဉ်ကျေးစွာ ဖြတ်သန်း
နွေလမ်း "ကြာတင့်" . . .။ ။
(ဇာတိမြေ ကန်ပြောင်ရွာကလေး၏ တစ်ခုသော
သင်္ကြန်သို့)

၄ ၄ ၄

## အခန်း (၇)

အများလည်းကင်း၊ အမြင်ရှင်းဖို့
လက်ငင်းပြုကြ၊ အကျိုးမျှဖို့
ဘဝအမှန်၊ မြဲရှင်သန်ဖို့
တန်ဖိုးထင်ဟပ်၊ အနာဂတ်ကို
မြင့်မြတ်ဆောင်ယူ၊ မနောဖြူဖြင့်
မွေးကြူရှိုက်နမ်းကြရအောင် ...။

## တေးသီတဲ့ နှစ်သစ်

* ရက်လတို့ လွင့်ကြွေ
ရာသီတွေ မတည်မြဲ
ဝဲလယ်နေတော့ ...။
နှစ်အဟောင်းဆီမှ
လှည့်ပြောင်းလာ နှစ်သစ်ဦး
ကြည်နူးစရာပေါ့ ...။

* မြိုင်ယံတောဆီက
ဥသြငှက် တေးဆိုသံ
ကြားရပြန် ရင်နှင့် ...။
နွေအပူ
နေအပူကို ဘယ်မကြောက်
ပိတောက်ကပွင့် ...။



* နှစ်သစ်ရဲ့ ရင်ခွင်နွေ
ရေသဘင် တူယှဉ်တွဲ
ဆင်နွှဲ ရွှင်လန်း ...။
အေးချမ်းနိုင်စေ
နံ့သာရေလို မွှေးစေကြောင်း
သွန်းလောင်းက ဖျန်း ...။

* အဟောင်းကို ပစ်ခွာ
နှစ်သစ်မှာ ကုသိုလ်အမှု
ပြုရအောင်လို့ ...။
တစ်နှစ် ဆန်းပြန်ပေါ့
မင်္ဂလမ်းကို ရည်ရွယ်မှန်းပါလို့
စိတ်ဝမ်းညီ မေတ္တာတေးကို
သီကြွေးပါစို့ ...။ ။

၎ ၎ ၎

## ပိုးစုန်းကြူးနှင့် လမ်းလျှောက်ခြင်း

* ညအခင်း၌
အလင်းမှိန်ပျောက်၊ ကြယ်ရောင်အောက်မှာ
ဖြိုးဖြောက်မျောလွင့်၊ အလင်းပွင့်တို့
မြင့်ကာနိမ့်ကာ၊ ပျော်မြူးစွာလျှင်
လူးလာဖြတ်သန်း၊ အမှောင်လမ်းမှာ
သူ့စွမ်းရည်နှင့် သူ့ဂုဏ်တင့် ...။

* သည်သို့သာပင်၊ ကိုယ့်ရင်ခွင်မှာ
ကိုယ့်အင်ကိုယ့်အား၊ ကိုယ့်တရားနှင့်
လားရာရည်စူး၊ ပိုးစုန်းကြူးနှယ်
ကိုယ့်ဒူးကိုယ်ချွန်၊ စွမ်းရည်မွန်ဖြင့်
ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်စခန်းသို့
ကိုယ်စွမ်းကိုယ်စ၊ ကိုယ့်လုံ့လနှင့်
နိုးထရှင်သန်၊ ဘဝမှန်အောင်
ကြံဆောင်သယ်ပိုး၊ ကိုယ့်တန်ဖိုးကို
မြတ်နိုးကြင်ချစ်နိုင်ရမည် ...။ ။

၎ ၎ ၎



## နှောင်အင်းလေး

* တောင်တံတိုင်းတို့
ရစ်ဝိုင်းကာရံ၊ ပန်းချီဆန်သည့်
ကန်ရေပြင်ဖွေး၊ လှေအပြေးမှာ
ရစ်ထွေးယှက်သိုင်း၊ ဂယက်လှိုင်းနှင့်
မှိုင်းညို့ရှုခင်း၊ အလှချင်းယှဉ်
မြင်ကွင်းတစ်မျှော်၊ ရှုကြည့်သော်တည့်
တောင်ပေါ်ပင်လယ်၊ ကျွန်းမျောဆွယ်၍
သွယ်သွယ်စိုက်ပျိုး၊ ရိက္ခာဖြိုး၏
ရိုးရာလှေပေါ်၊ ခြေနဲ့လှော် ...။

* ကန်အင်းလေး၏
တေးနှသံစဉ်၊ ရက်ကန်းစင်မှ
သစ်လွင်ဖုံဖုံ၊ ဒီဇိုင်းစုံကို
မြင်ရုံဖြင့်ပင်၊ မြတ်နိုးရင်၌
ဆင်မြန်းလိုစိတ်၊ တဖိတ်ဖိတ်နှင့်
အင်းရိပ်မှာခို၊ အပြုံးချိုသည့်
နှစ်လိုမနော၊ အင်းသူချောတို့

သဘောလည်းဖြူ၊ စိတ်ရင်းဖြူ၏
မူယာသိမ်မွေ့၊ ဘယ်မမေ့နိုင်
ဓလေ့ရိုးရာ၊ အဖြာဖြာလျှင်
ရင်မှာတမ်းတ၊ လွမ်းသသ . . .။

* ကွယ် . . .
တောင်ပတ်လည်ရံ၊ အင်းလေးကန်၌
စံမြန်းထင်ပေါ်၊ တန်ခိုးကျော်သည့်
"ဖောင်တော်ဦးဘုရား"၊ သဒ္ဓါပွားလျက်
ဝပ်တွား ကြည်ညို၊ ပီတိစို၏
ချိုမြကြည်လင်၊ စိတ်သန့်စင်စွာ
ရင်မှနမော်၊ သာစုခေါ်၍
ပူဇော်နေကြ၊ ဝေနေယျသို့
အမျှဝေသံ၊ ကြေးစည်သံလျှင်
အင်းယံတစ်ကြော လွင့်ပျံ့နေ . . .။
နောင်ခါလာခွင့် ကြုံနိုင်စေ . . .။
တောင်းဆုပန်ကာခြွေ . . .။ ။

၎ ၎ ၎



# မြကွက်

* နွေအနှောင်းမှာ
ရွက်ဟောင်းညှာကြွေ၊ ဝဲလယ်နေရင်း
လေနှင်ရာမျော၊ မြိုင်တစ်ကြောမှာ
ဥသြတေးသံ၊ လွင့်လာပြန်ခဲ့
ရိုးတံကိုင်းကိုင်း၊ အပြိုင်းပြိုင်းတို့
အရိုင်းဆန်စွာ၊ ကောင်းကင်ပြာအောက်
ကဗျာမပီ၊ မြူခိုးသီလျက်
ပန်းချီမဟုတ်၊ သည်ပြယုဂ်လျှင်
စုတ်ချက်မညီခဲ့သည်သို့ . . .။

* နေထီးအောက်မှာ
မကြောက်မရွံ့၊ ရဲရဲဝံ့စွာ
မတွန့်မဆုတ်၊ ဖက်မလုပ်သို့
နွေ . . . ကုတ်အကျီ၊ သီကရီနှင့်
မဟီမြေသား၊ တံလျှပ်ကြားမှာ
ဟားတိုက်ရယ်မောနေသယောင် . . .။

* အနောက်တောင်က
ရွာယောင်ဟန်ပြင်၊ မိုးသက်ဆင်တော့
နွေရင်ထဲမှာ၊ ခက်မဖြာရန်
ရိုးညှာစိမ်းစိမ်း၊ မြရည်လိမ်းဖို့
နွဲ့ယိမ်းလေကူ၊ အားသစ်ထူပြီ
အပူအားပျော့၊ မာန်တွေလျော့ခဲ့
နော့ခဲ့ပြန်ပြီ၊ တိမ်ပလီနှင့်
စီရီထုဆစ်၊ ရွက်နုသစ်တို့
ပျိုမျစ်လန်းဆတ်၊ အနာဂတ်ကို
တပ်မက်ချစ်ကြင်၊ ရွှန်းပလွင်ကာ
ဆင်ယင်ခင်းကျင်းနေပြီကော ...။ ။

၎ ၎ ၎



## လွှန်

* အပျော်လည်းလွန်၊ အလုလွန်၍
စားလွန် သွားလွန်၊ အသုံးလွန်ကာ
ကြွားလွန်လွန်းက၊ စာရိတ္တတို့
တစ်စစီဖျက်၊ ကိုယ်ကျင့်ပျက်သော်
ရှက်ကြောက်မဲ့ကင်း၊ သိက္ခာဖျင်းလျက်
ပေါင်းသင်း ရှောင်ဖယ်၊ လူမှုနယ်မှ
ငြိတွယ်ဆူးချက်၊ ထွင်ရန် ခက်ပြီ
ရက်လွန် ပန်းမျိုး၊ တညှိုးညှိုးနှင့်
တန်ဖိုးဖဲ့ခြွေ လွင့်လွင့်ကြွေ ...။ ။

၎ ၎ ၎

## အနာ နှင့် ဆေး

✳ မိမိခန္ဓာ၊ တစ်နေရာ၌
ဒဏ်ရာတစ်စ၊ အနာရသော် ...။

✳ ထိုအနာကား၊ ကိုယ့်ကိုယ်အားလျှင်
စီးပွားမဆောင်တတ်သော်လည်း ...။

✳ တောထဲ တောင်ထဲ၊ အမြစ်စွဲ၍
ရှင်မြဲဆေးပင်၊ သူ့ဂုဏ်အင်နှင့်
သူလျှင်လူ့ဘောင်၊ စီးပွားဆောင်သည်
များမြောင်သတ္တိ ကြွယ်သတည်း ...။ ။

၄ ၄ ၄



## ပွဲဈေးည၏ အဘိဓမ္မာ

✳ ပူဖောင်း အရွယ်စုံ ...၊
ပုံသဏ္ဍာန် အမျိုးမျိုးနဲ့
ချိုးလိမ် ရုပ်ပုံ ...။
ဖန်တီးမှု အဖုံဖုံ
ပညာကုန် သူရင်း ...။
ကျွမ်းကျင်ရာ လိမ္မာအပ်
စွဲမှတ် ရင်တွင်း ...။

✳ ည အခင်းမှာ
သူ့ဘဝ သူ့အသိ
သူ့ ပရိယေသနာ ...။
ဝမ်းမီးကို ငြိမ်းစေရာ
ကဗျာဆန်သည့် လုပ်အား ...။
လေအလာ ဘယ်ညာလှုပ်
ရုပ်စုံ ဝင့်ကြွား ...။

* ပူဖောင်း မှန်လျှင် . . .၊
လေမှုတ်ဒဏ် လွန်ကဲက
ပေါက်ကွဲသည့် ပင် . . .။
လေတင်းအား သွင်းပြင်
သူ့ရင်မှာ အလိုလိုသိ . . .။
သူ့အဘိဓမ္မာ သူ့တရား
သူ့အားပင်တည့် . . .။ ။

၀ ၀ ၀



## သမြေ

* အလှံ့ညီးညီး
နေထီးဖြန့်ကျက်၊ တံလှပ်ပြက်၍
ပင်ထက်ပြိုင်းပြိုင်း၊ ရိုးတံကိုင်းတို့
အရိုင်းဆန်ဆန်၊ နွေလက်တံအောက်
မာန်တွေပျောက်ခဲ့၊ နွမ်းခြောက်သွေ့သွေ့
လေပွေမွှေ့ရာ၊ ရော်ရွက်ဝါတို့
လွင့်ပါစီးမျော၊ မြိုင်တစ်ကြောမှာ
ဥသြရင်ဆူ၊ သူ့အပူကို
ကူပါ ယူပါ၊ ဆိုမြည်လာသို့
ရာသီနွေလ၊ လွမ်းမောစွ . . .။

* ဒါပေသည့်
ကြည့်စမ်းပါ့လေ၊ ပန်းမဝေမင့်
နွေလမ်းခရီး၊ အလှံ့ညီးသည့်

မောင်နီမှိုင်း ၆၉

နေထီးအောက်မှာ၊ ခက်မဖြာလျက်
ဝေဆာတင့်တင့်၊ လန်းလန်းစွင့် ...
အားနှင့် မာန်နှင့်ဝင့် ...။ ။

၎ ၎ ၎



## ကမ်းလင့်ကြို

* မော်ဝန်းမြေ သာပေစွ
အလှတို့ စဉ်နေပျို ...၊
“ကျိုက်မော်ဝန်း ရေလယ်ဘုရား”
ဝပ်တွားကြည်ညို ...။
ငှက်သမွန် စက်သံချို
ရင်ဖိုဖွယ် မြစ်ပြင်အလှ ...။
မြင်ရသူ ဘဝင်လန်း
ချမ်းမြလေစွ ...။

* ရွှေရည်ဖြာ အသွင်ဆန်းနဲ့
ပွင့်လန်းခဲ့ သာသနာ ...၊
မော်ဝန်းမြေ ဒေသတွင်း
လင်းလက် ရောင်ဝါ ...။
ဘုရား ပုထိုး စုံစွာ
တန်ခိုးဖြာ ဖူးမြော်ရ ...။
ကြည်နူးဖွယ် မဂ္ဂင်လမ်းကို
မှန်းရည်မျှော်ဆ ...။

* သီနံ့စုံ ပဒေသာ က
ဝေဆာအလှ ကဗျာဆန် ...၊
မော်ဝန်းမြေ ဒေသသားတို့
စွမ်းအားတွေ သန် ...။
ရိုးသားမှု အခြေခံ
စိတ်ရင်းအမှန် မူအကျင့် ...။
ဘာသာ သာသနာ ယဉ်ကျေးမှု
ယုယဆောင်လင့် ...။

* အခွင့်သာလျှင် ခါတစ်ခေါက်
အရောက်လာစေချင် ...၊
စေတနာ သဒ္ဒါမွမ်းသည့်
"ရွှေမော်ဝန်း" သည်ရင်ခွင် ...။
မနောဖြူစင်
သဘောရှင်ကြည်လို့ ပီတိလောင်း ...။
အပြုံးချိုချို အလှပန်းတွေက
စိမ့်စမ်းသွယ် လရောင်သွေးသို့
အေးမြပါကြောင်း ...။ ။

ε ε ε



## ပီတိစမ်းဖြင့်ပန်းပျိုးသူ

* ပန်းရောင်စုံ အလှထူးပါဘိ
ကြည်နူးဖွယ် ဥယျာဉ် ...။

* အဆင် အသွေးရယ်က
ရင်အေးစရာ အမြင်ဆန်းပါရဲ့
လန်းလန်းလှ ကြူကြူလွင် ...။

* အဆင်းမှာ လှပုံထူးသလိုပါ
ပွင့်ဦးဝေ အခြေတင့်ပါရဲ့
ရေမြင့်သည့် ရွှေကြာအသွင်
ရင်ခွင်မှာ ပီတိစမ်း ...။

* ဆရာအတတ်ရယ်နဲ့
အနာဂတ်ကို မှန်းမျှော်ရည်၍
ယုံကြည်စွာ တယုတယပျိုးပါလို့
အဖိုးတန် အမျိုးမာန် ထက်ရအောင်

ပေးဆက်ကာ ဝန်တာထမ်းသည်မို့
ဘဝလမ်းတာ ကြမ်းပါခဲ့တုံလည်း
ပြည့်စုံသည် ရင်မှာမှတ်ပါခဲ့
မြတ်နိုးစွာ ဆထက်တိုး
ပျိုးလေသည့်ပန်း ...။ ။

၀ ၀ ၀



## အလင်းသစ်

* ကြည့်နေပါလျက်
မျက်ကန်းသို့ပင် ...၊
မြင်နေရသော်ငြား
နားမလည်ဖြစ်အင် ...။
လူနေမှု ဝန်းကျင်
မြော်မြင်မှုနုံနဲ့ ...။
ဆင်ခြင်တုံ အသိတရားတို့
အားနည်းလေခဲ့ ...။

* စာမတတ်လေတော့
စာဖတ်ဖို့ အခက်ပွေ ...၊
လက်ဗွေအမှတ်နဲ့
ခက်ခဲ့ရ ကြက်ခြေ ...။
ရှင်လျက်နှင့် ဘဝသေ
အလှသွေလို့ အနေရှုံး ...။

မောင်နီမှိုင်း ၇၂

အခွင့်အလန်းတွေနဲ့
ဉာဏ်စွမ်းရည် ဖွံ့ဖြိုး
အမျိုးသားရေးအမြင် ရှင်သန်ရအောင်ပ
ပညာတန်ဆောင် စာအလင်းနဲ့
လက်ငင်း အဖြေမှန်ဖို့
စီမံကာ စွမ်းဆောင်ရစ်
အားသစ်ခြယ်မှုန်း ...။ ။
(နိုင်ငံတကာစာတတ်မြောက်ရေးနေ့သို့)

ε ε ε



# ဉာဏ် နှင့် ကျွဲ

* သူငယ်ချင်း ...
မင်းရဲ့ဝန်းကျင်၊ ငါ့ဝန်းကျင်မှာ
တွင်တွင်စကား၊ ငါတို့ကြားခဲ့
အများညီက၊ "ဉာဏ်" ကို "ကျွဲ" ဟု
ဖတ်လည်းရကြောင်း၊ ဆိုထုံးဟောင်းကို
ကောင်း၏ဆိုး၏၊ ဝေဖန်မိလား
ခွဲခြားစိတ်ဖြာ၊ မြင်မိပါလား
စဉ်းစားဆင်ခြင် ကြည့်ရအောင် ...။

* ငါတို့ဝန်းကျင်၊ ပုထုဇဉ်မို့
ရင်မှ တွေးကြံ၊ မဖောက်ပြန်လည်း
အမှန် အမှား၊ ဖြစ်ရပ်များလျှင်
ခံစားပြုဆောင်ခဲ့သည်ပင် ...။

* ကျွဲက ကျွဲပါ
ဉာဏ်လည်းဉာဏ်ဟု၊ ခိုင်ကျည်ရင်မွေ့

မောင်နီမှိုင်း ၇၃

ကောင်းတာတွေ့လျှင်၊ အကောင်းမြင်လျက်
ဆိုးလျှင်အဆိုး၊ အသိနိုးမှ
အကျိုးအပြစ်၊ ခွဲခြားရစ်မှ
အနှစ်အကာ၊ အမှန်ရှာမှ
လူ့ရွာလောက၊ စဉ်မြဲလှမည်
အများညီတိုင်း၊ ဤကိုကျွဲဟု
တစ်လွဲယူသော်၊ အတွေးချော်၍
ကျူးကျော်အမှား၊ လွှမ်းခြုံသွားမှာ
စဉ်းစားတွေးကြည့်၊ အဖြေရှိခဲ့
အသိခိုင်မြဲ၊ တို့ရင်ထဲမှာ
အမည်းအဖြူ၊ ခွဲခြားယူလျက်
မှုမှန်အရေး၊ ရှည်မျှော်တွေးလို့
အလေးထားရအောင် သူငယ်ချင်း ...။ ။

၀ ၀ ၀



# ရှက်

* လ တစ်စင်း
ညခင်းမှာသာ ...။

* စပယ်ရဲ့ ငုံအပွင့်တွေနဲ့
လေသင့်ရာ ရနံ့ညင်း
သင့်ပျံ့လှိုင်စွာ ...။

* မယိုင်မလဲပါဘဲ
ခိုင်မြဲတဲ့ သစ္စာ
အကြင်နာ ရင်မှာယှက် ...။

* နှစ်ကိုယ်နီးပြီပဲ
ခရီးရှည် အနာဂတ်ဆီသို့
ယုံကြည်စွာ အတူလှမ်းမယ်ပေါ့
ဘဝလမ်းနွေ စမ်းရေခမ်းတောင်

အနွမ်းခြွေ ပန်းဝေရဲမှာပေါ့
ညထဲမှာ သစ္စာတိုင်လို့
စပယ်ခိုင် ပန်အပေးမှာဖြင့်
ချစ်မျက်နှာအပြုံးချိုဝေဝေလွင်လျက်
ပါးပြင်ပေါ် နမ်းမည်ကြံခိုက်မှာတော့
ရွှေလဝါ ခမျာရှက်ရှာထင့်
(တိမ်နောက်မှာလေ)
သူ့မျက်နှာဝှက် ...။ ။

(ချစ်ဇနီးသို့)

၀ ၀ ၀



## တိမ်တောက်ချိန်

* ဆည်းဆာနေရီ၊ တိမ်ပလီနှင့်
ပန်းချီဆန်ဆန်၊ လှနေပြန်သည့်
နောက်ခံရှုခင်း၊ မြင်ရခြင်းလျှင်
ရှင်းရှင်းသန့်သန့်၊ ဝင်းဝင်းဖန့် ...။

* ဆည်းဆာရီ၏
နီထွေးရောင်စဉ်၊ ကန်ရေပြင်၌
ထင်ဟပ်ရောင်ပြန်၊ တစ်ဆင့်ခံလျက်
တောင်ပံရိုက်ချက်၊ ခပ်သွက်သွက်နှင့်
ကျေးငှက်အိပ်တန်း၊ အပြန်လမ်းလျှင်
တောတန်းညို့ညို့၊ ကုန်းမို့မို့ ...။

* ကုန်းမို့မို့ထက်၊ ပြိုးပြိုးပြက်စွာ
ဝင်းလက်ရွှေရည်၊ မြတ်စေတီကို
နေရီဆည်းဆာ၊ သပ္ပါယ်စွာလျှင်

ရင်မှာချမ်းမြ၊ ဖူးမြော်ရခိုက်
သောကကင်းစင်၊ ရသလွှင်ခဲ့
ဘဝင်ချမ်းမြ၊ ရွှန်းရွှန်းပ ...။

✳ ဩော် ...
ချုပ်ဆည်းဆာရီ၊ ညင်းလေပြည်တွင်
ဝေ့သီလွင့်ပျံ၊ ဆည်းလည်းသံကို
ခံစားရင်ဆီ၊ ပီတိကြည်ဆဲ
ပလီသည့်တိမ်၊ ဖျော့ဖျော့မှိန်ခဲ့
အချိန်ပြောင်းကူး၊ အမှောင်ဆူးလျှင်
မစူးခင်လေး၊ ယာယီထွေးဖက်
ဆေးစက်အားလျော့၊ အရောင်ဖျော့လည်း
နော့ဆဲအလင်း ဖြာသည်ကို ...။ ။

၀ ၀ ၀



## ဝေးနီး ရင်ခုန်

✳ "ဝေး တသက်သက်"
လွမ်းခဲ့ရက်တွေ
ရှည် ...။

✳ ဗေဒါပန်းသို့
ကမ်းကပ်နားခို၊ နေချင်လိုလည်း
နေညိုဒီကျ၊ ခွာခဲ့ရတုံ
ပမာပုံသွင်၊ တင်စားချင်ရဲ့
အစဉ်မသင့်၊ တာဝန်ဖြင့်မို့
နီးခွင့်မကြုံ၊ လွမ်းငွေ့လုံ့ရင်း
ရင်ခုန်ညီမျှ၊ သက်နှံ့လုနှင့်
ခဏခိုမှီး၊ တွေ့ဆုံဆည်း၍
နီးတကျက်ကျက်လည်း
ဖြစ်လိုလျက်နှင့် မဖြစ်နိုင် ...။ ။

၀ ၀ ၀

## ခြွင်းချက်

* ကိုယ်ပြုံးပြတော့
သူက တုံ့ပြန်၊ ပြုံးပြပြန်ခဲ့
တစ်ဖန် ကိုယ်က၊ မဲ့၍ပြသော်
တိကျရေရာ၊ ကိုယ့်လိုသာပင်
ပြန်ကာ သူမဲ့ပြပါသည် ...။

* ကိုယ်ပြုမြဲသို့
မလွဲအမှန်၊ သူတုံ့ပြန်၍
"မှန်" ဟု ခေါ်ခဲ့လေသည်လား ...။

* သို့သော်ငြားလည်း
မှန်ပြင်ထဲမှာ၊ ကြည့်သည့်အခါတိုင်း
ဘယ်ညာ ပြောင်းပြန်၊ မြင်ရပြန်သည်
မှန်၏ ပြကွက်၊ သေချာလျက်တည့်
"ခြွင်းချက်" ဆိုတာ၊ မှန်သို့သာလျှင်
နေရာတကာ ရှိနိုင်သည် ...။ ။

၎ ၎ ၎



## အရဏ်မှသည်

* အရှေ့ဆီမှာ
ရောင်နီနီးထ၊ အရုဏ်စခဲ့
လောနပျို့၊ ရသချိုစွာ
ကြိုဆိုခွန်းဆက်၊ နှုးညံ့သက်သည့်
နံနက်ရှုခင်း၊ သည်မြင်ကွင်းလျှင်
ရှင်းသန့်မွေးကြည်လွန်းပါ၏ ...။

* နေ့သစ်အစ၊ အရုဏ်မှတည့်
အလှ္လန်းသစ်၊ ရင်အနှစ်မှာ
ချစ်ချင်းဖွဲ့သီ၊ စိတ်အကြည်နှင့်
ပီတိယိုဖိတ်၊ ကာလရိပ်လျှင်
ဆိတ်ငြိမ်ချမ်းငြိမ်း၊ နံ့သာလိမ်းသို့
ခပ်သိမ်းသာယာ၊ မုဒိတာဖြင့်
သူငါခံစား၊ မေတ္တာပွားဖို့
အမှားလည်းကင်း၊ အမြင်ရှင်းဖို့
လက်ငင်းပြုကြ၊ အကျိုးမျှဖို့
ဘဝအမှန်၊ မြဲရှင်သန်ဖို့

တန်ဖိုးထင်ဟပ်၊ အနာဂတ်ကို
မြင့်မြတ်ဆောင်ယူ၊ မနောဖြူဖြင့်
မွေးကြူရှိုက်နမ်းကြရအောင် ...။

ဧ ဧ ဧ

## အခန်း (၈)

တကယ်ဆိုသော်၊ ငါ့လိုပါပဲ
သူလည်းစွမ်းပြည့်၊ အောင်နိုင်ဘိဟု
အသိပွားစီး၊ အမြင်နီးမှ
ခရီးတစ်တန့်၊ စိတ်ရှင်းသန့်စွာ
အဟန့်မရှိ၊ ထားသတိနှင့်
မုဒိတာပွား၊ နှလုံးသား၌
ရိုးသားဖြူစင်၊ ရသလွင်သည့်
ကြည်လင်မြေ့ချမ်း၊ မေတ္တာစမ်းလျှင်
မခမ်းဘယ်ခါရှိမည်ကို ...။

## ပန်းတပွင့်၏ဂုဏ်ဒြပ်နှင့်
## သူ၏အနာဂတ်ပန်းချီ

* ဖူးရာမှ ငုံ
ငုံရာမှ အသွင်တင့် ...။
အချိန်တန် အခါကျတော့
လှပစွာ ပွင့် ...။

* ပွင့်စ ပန်းလျှင်
ယဉ်ပါဘိ မွှေးပါဘိ ...။
သင်းကြူကြူ အဆင်းလှ
မွှေးမြပါ၏ ...။

* နုရာမှ ပျို
ပင်ကိုလှ အဆင်အသွေး ...။
ကြည်စင်သည့် ပုံရိပ်
စိတ်မြတ် ဖြူဖွေး ...။



* ယနေ့လူငယ်
နောင်ခါဝယ် လူကြီး ...။
တိုင်းပြည်ဝန် ထမ်းရွက်
လှမ်းဆက် ခရီး ...။

* လမ်းတာဝင့်ထည်
တင့်တယ်ဖို့ ဆိုကြား ...။
အစ တကယ်ကောင်းပါမှ
အနှောင်း ပြတ်သား ...။

* အစ ကောင်းရန်
ဗာလနံ ဖယ်ခွာရှောင်း ...။
လူလိမ္မာ ပညာရှိကို
ရင်မှာသိ ပေါင်း ...။

* ပညာ ထူးချွန်
မွန်ရည်သည့် ကိုယ်ကျင့် ...။
စာရိတ္တ ခိုင်ခိုင်မတ်
မြင့်မြတ်သည်နှင့် ...။

* မှူးယစ်အနွံရာယ်
ရှောင်ဖယ်ကြ ဝေးဝေး ...။
အပွင့်ကြွေ အညွန့်ကျိုး
မျိုးဖျက်ရန်ဘေး ...။

* အားကိုး ယုံကြည်
ပြည်ထောင်၏ ရင်နှစ်ပန်း ...။
တက်အစုံ ရွှက်ကုန်ဖွင့်
တင့်တယ်သည့်လမ်း ...။

* ငုတ်မိ သဲတိုင်
တက်နိုင် ဖျားရောက် ...။
အဆင် အသွေးဖြာ
ဘဝင်အေးစရာ ဘဝလမ်းဆီက
မှန်းရည်ရာ အနာဂတ်ကို
ပြတ်ပြတ်ထင် မြင်အောင်ကြည့်ပါလှည့်
တည့်မတ်စွာ လျှောက် ...။ ။

၎ ၎ ၎



## ထိန်းချုပ်ခြင်း

* အရာရာ၌၊ ငါမှငါစွဲ
ငါဖို့ပဲကြည့်၊ ငါပဲသိဟု
တွယ်ငြိစိတ်မှာ၊ မရှန်းသာသော် ...။

* ငါ့ကိုငါက၊ မဆုံးမဘဲ
ငါကငါ့ကို၊ နိုင်ပါလိုသော် ...။

* အတ္တခင်းကျင်း၊ ငါမိုက်တွင်း၌
နစ်ရင်းရုန်းခက်၊ တဲဂယက်မှာ
ညဥ့်နက်မှောင်မိုက်၊ ပင့်သက်ရှိုက်ရင်း
ငိုက်မြည်းဖဲကြည်၊ ပတ်ဝန်းကျင်နှင့်
အသွင်ကွဲပြား၊ အမြင်ခြားလိမ့် ...။

* တကယ်ဆိုသော်၊ ငါ့လိုပါပဲ
သူလည်းစွမ်းပြည့်၊ ဆောင်နိုင်ဘိဟု
အသိပွားစီး၊ မမြင်နှီးမှ

ခရီးတစ်တန့်၊ စိတ်ရှင်းသန့်စွာ
အပဟန့်မရှိ၊ ထားသတိနှင့်
မုဒိတာပွား၊ နှလုံးသား၌
ရိုးသားဖြူစင်၊ ရသလွင်သည့်
ကြည်လင်မြေချမ်း၊ မေတ္တာစမ်းလျှင်
မခမ်းဘယ်ခါရှိမည်ကို ...။ ။

၎ ၎ ၎



## မှော်ဝန်း၏ မော်ကွန်း

* ရန်ကုန်မြစ်မှ၊ အစပြုကာပင်
မှော်ဝန်းမြစ်ကြောင်း၊ နှစ်ပေါင်းရှည်စွာလျှင်
သူ့ဂုဏ်သူတင်၊ အစဉ်လုပ
ဘဝမျိုးစုံ၊ ဓလေ့စုံ
လွှမ်းခြုံခံစား ရသည်နှင့်လေး ...။

* ကျောက်တန်းမှစ၊ သုံးခွမြို့တိုင်အောင်
ကုန်စည်စီးဆင်း၊ သင်းပင်းဖွဲ့ကာနှောင်
ဝမ်းစာသိုလှောင်၊ စွမ်းဆောင်နေရင်း
ရင်တွင်းမှာ ပွား၊ ရိက္ခာများ
တို့အားပေးဆက် နှင်သည်နှင့်လေး ...။

* မှော်ဝန်းမြစ်တွင်း၊ ဂုဏ်လင်းထူးခြားစွာ
"ရေလယ်ဘုရား"၊ ထင်ရှားတန်ခိုးဖြာ
နေအရောင်မှာ၊ ဝင်းဝါရွှေသား
ဝပ်တွားကြည်ညို၊ သဒ္ဓါပို
ရွှန်းပီတိ ပွားသည်နှင့်လေး ...။

* ဒေသတစ်လွှား၊ စီးပွားဆက်သွယ်ရာ
မော်ဝန်းကိုပဲ၊ စဉ်မြဲအားထားလာ
စုန်ကာ ဆန်ကာ၊ ဝန်တာထမ်းရွက်
မပျက်နိုးကြား၊ သူ့လုပ်အား
မြင့်မားဂုဏ်ရည် လက်သည်နှင့်လေး ...။
တန်ဖိုးတက်နေတဲ့ သူ့သမိုင်းအလှ စာပန်းချီလျှင်...။
အမှန်အကျိုးဆက်တွေနဲ့ တုနှိုင်းမရပါပြီအစဉ်...။ ။

၎ ၎ ၎



## ဆေးဝါးမှုးယစ် . . နှံ့မနစ်ဖို့
## ဆိုးညစ်ရန်စွယ် ... အန္တရာယ်အား
## ကာကွယ်တိုက်ဖျက် ... လက်ချင်းဆက်၍

(၁)

* သူငယ်ချင်း ...
“မနုတဿဘာဝ ... ဒုလ္လဘာ” ဟု
ရခဲပါလှ...၊ ကံကြွေးချသည့်
ဘဝနိဒါန်း၊ ပျို့မျစ်လန်း၍
စမ်းနှယ်အေးမြ၊ ပန်းနှယ်လှဖို့
လောကလမ်းတွင်၊ ကိုယ့်ဂုဏ်အင်နှင့်
ဖြူစင်ရှင်းပြတ်၊ ကိုယ့်ထုပ္ပတ်နှင့်
မြင့်မြတ်ချမ်းငြိမ်း၊ လမ်းမတိမ်းဖို့
ခမ်းသိပ်ဆန္ဒ၊ ကြံတွေးဆ၍
နိုးထရှင်သန်ရမည်တကား ...။

* ဘယ်သူမပြု၊ မိမိမှုဟု
ပြုစုယုယ၊ ကိုယ့်ဘဝအား

လှပသန့်စင်၊ ရနံ့လွင်ဖို့
ဆန့်ကျင်မူးယစ်၊ ဘေးဆိုးညစ်ကို
ပစ်ခွါရှောင်ရှား၊ စိတ်ပြတ်သားမှ
ခန့်ငြားတန်ဖိုး၊ ထည်ဝါဖြိုး၏
ကြောင်းကျိုးဆင်ခြင်၊ အမှန်မြင်လျက်
ထပ်ဟပ်ကြော့ကွင်း၊ စဉ်လွတ်ကင်းမှ
ချစ်ခြင်းဖြောင့်မတ်၊ အနာဂတ်လည်း
တည့်မတ်မှန်ကန်လိမ့်မည်တကား ...။

(၂)

* သို့မဟုတ်ဘဲ၊ အသိမဲ့ဖြင့်
ကြေကွဲနွမ်းလျ၊ ဘေးဒုက္ခကို
တမ်းတလိုက်မော၊ အပူတောမှ
သောနွယ်ယှက်၊ ဖယ်ခွာခက်သော်
ညဥ့်နက်မှောင်မိုက်၊ အပူတိုက်သို့
နှစ်ခြိုက်စွဲလန်း၊ ငရဲပန်းကို
စမ့်စမ်းရေသွင်၊ အေးငြိမ့်ညင်စွာ
ရင်မှာတွယ်ငြိ၊ ကိုးစားမိလျှင်



အသိကင်းလွတ်၊ ခန္ဓာဝင့်က
မွတ်သိပ်နှောင်ကြိုး၊ တိုးရင်းတိုးခဲ့
ဆိုးရွားညှံ့ညစ်၊ နွံမှာနစ်ရင်း
မူးယစ်နယ်လွန် ကျွံမည်တကား ...။

* မူးယစ်နွံဥ
ကျွံရင်းနစ်ရင်း၊ ရောင်ခြည်ကင်းသော်
လက်ငင်းဘဝ၊ ကြွေလွင့်ရလျက်
သောကပင်လယ်၊ ရင်ဥလွယ်သို့
ယှက်နွယ်ဝန်းကျင်၊ ညှိုးပူပင်ကာ
နာကျင်ခံစား၊ နှလုံးသားတို့
ခါးသီးကြေပျက်၊ နိုင်ငံတွက်လည်း
ရှုံးချက်နစ်နာ၊ ရှိလိမ့်ငှါဟု
မြင်သာသိမှတ်၊ သတိချပ်၍
တည့်မတ်စိတ်မွေး၊ မူးယစ်ဆေးကို
အတွေးမှာပင်၊ မြဲဆန့်ကျင်ဖို့
ခင်မင်ပေါင်းသင်း၊ သူငယ်ချင်းနှင့်
ရောင်းရင်းမိတ်ဆွေ၊ အသိဝေမှ

တို့တွေရှင်းပြတ်၊ ကိုယ့်ထုပ္ပတ်ကို
မှတ်ကျောက်တင်ခံဝံ့မည်တကား ...။

* လူညွှန့်လည်းတုံး၊ ဘဝဆုံးအောင်
လွှမ်းဖုံးနှိပ်စက်၊ ဝဲဂယက်မှ
ရုန်းထွက်ရှောင်ခွါ၊ ကျောခိုင်းပါ၍
ထပ်ခါရစ်ပတ်၊ လှည့်စားတတ်သော
မာန်နတ်ဆိုးနှယ်၊ မာယာကြွယ်သည့်
နှောင်တွယ်ညစ်ထေး၊ မူးယစ်ဆေးကို
ဝေးစွရှောင်ကြဉ်၊ အောင်ပွဲဆင်မှ
ကင်းစင်သောက၊ ရေရှည်လှသည့်
ဘဝခိုင်မာလိမ့်မည်တကား ...။

(၃)

* ဒီတော့...သူငယ်ချင်း...
မင်းနှင့်သူ...ငါ၊ လူတကာတို့
ညီညာရင်တွင်း၊ ခိုင်ကျည်ခြင်းဖြင့်
ရိုင်းပင်းပျော်စံ၊ အလုံရုံလျက်



ရှင်သန်နိုးထ၊ လျှောက်လှမ်းရမည့်
ဘဝလမ်းဟာ၊ ကိုယ့်ရိပ်ဆာဉ်
ပညာအသိ၊ စွဲသတိနှင့်
ရှုကြည့်ဝေဖန်၊ ကိုယ့်နှုန်းစံနှင့်
အမှန်တရား၊ သို့ခံစားလျက်
ဆေးဝါးမူးယစ်၊ နှံ့မနစ်ဖို့
ဆိုးညစ်ရန်စွယ်၊ အန္တရာယ်အား
ကာကွယ်တိုက်ဖျက်၊ လက်ချင်းဆက်၍
တိုင်းထက်အလွန်၊ တို့တာဝန်ကို
အားသွန်ကြိုးပမ်း၊ မရှုံ့တမ်းလျှင်
စွမ်းဆောင်နိုးကြားကြမည်တကား ...။
ထမ်းရွက်ကျေပွန်ကြမည်တကား ...။ ။

ε ε ε

၂၀၁၁ ခုနှစ် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု
ကဗျာပေါင်းချုပ် ပထမဆုရ

# အဖေ မသေပါနှင့် အဖြူရောင်သစ္စာ ကဗျာများ



## မောင်နီမှိုင်း ၊ကျောက်တန်း၊

အဖ ဦးသာဇီ၊ အမိ ဒေါ်တင်ညိုတို့မှ ၁၉၅၇ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကန်ပြောင်ရွာ၌ မွေးဖွားသည်။ ငယ်စဉ်က အမက (ကန်ပြောင်)၊ အလက (ပျဉ်းမကန်)၊ အထက (၁) (သန်လျင်) နှင့် အထက (ကျောက်တန်း) တို့တွင် ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။

၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် *အမေနေတဲ့ ရွာကလေးနှင့် အခြားကဗျာများ* စာမူဖြင့် ကဗျာပေါင်းချုပ် တတိယဆု ရရှိခဲ့ပြီး တပ်မတော်နေ့၊ ကမ္ဘာ့ကြက်ခြေနီနေ့၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာပေ ပြိုင်ပွဲများတွင် ဆုရစ်ဆု ရရှိခဲ့သည်။

ယခုအခါ ကျောက်တန်းမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း စာပေများ ဆက်လက် ရေးသားလျက်ရှိသည်။

အမည်ရင်း ဦးသောင်းဝင်း ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၂၇၂)၊ ဇေယျာ (၅) လမ်း၊
စံချိန်မီရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။